# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (30-11-2015) (၈၄၀၀)


**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# မွေးနေ့ကိုအမှီပြု၍ အထက်အောက်စာပေချစ်သူတွေ တွေ့ဆုံရှင်သန်ခွင့်ပေးသော လူထုဒေါ်အမာ နှစ်တစ်ရာပြည့်မွေးနေ့ တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၉**

သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမရပူရမြို့နယ် တောင်သမန်အင်းစောင်း မည်စည်ပင်တန်းအနီးရှိ တောင်လေးလုံးကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသော သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများနှင့် မိသားစုဝင်များက ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာစာဂုဏ်ထူး ဦးသိန်းနိုင်၊ ကိုလေး(အင်းဝဂုဏ်ရည်)၊ BOWMAN VICKY၊ ဦးထွန်းအောင်ကျော်(တရားရုံးချုပ်ရှေ့နေ)၊ NILAR JAME SAM၊ ဦးအုံ့မောင်၊ ဒေါက်တာစိုးတင်၊ ညီပုလေးတို့က သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ နှစ်တစ်ရာပြည့် အထိမ်းအမှတ် အမှတ်တရစကားများပြောကြားခဲ့ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**



သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

**ကမ္ဘာ့သမိုင်းဝင်မည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၁) ကြိမ်မြောက် ညီလာခံ**

စာမျက်နှာ » ၁၆



# ရေငန်တား၊ ရေချိုသွင်း ရေကြီးနစ်မြုပ်ခြင်းကင်းဝေးစေမည့် ဖျာပုံမြို့နယ်အတွင်းရှိ ဦးလုံရေတံခါး

**သပြေထွန်း**

"အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းဝင် စပါး(၁)၊ စပါး(၂) စီမံကိန်းကာလတုန်းက တည်ဆောက်ခဲ့တဲ့ ကျွန်းပတ်တာတွေ၊ ရေငန်တားတာတွေနဲ့ ရေတံခါးတွေသတ်မှတ်ဒီဇိုင်း နှစ်(၃၀)ကျော်ခဲ့ပြီမို့ ပြောင်းလဲမှုတွေရှိလာလို့ပဲလား။ ဒါမှမဟုတ် သဘာဝချောင်းတွေ၊ တူးဖော်ထားတဲ့မြောင်းတွေ အကြောင်းအမျိုးမျိုးကြောင့် တိမ်ကောလာလို့ပဲလားမသိဘူး။ ဒီအခြေအနေတွေကြောင့် ပင်လယ်ရေငန်တားတာတစ်ခုဖြစ်တဲ့ ဘုရားကြီး ရိုးဇင်းပေါင်တာအတွင်း နွေပိတ်၊ မိုးချိုး၊ ချောင်းပိတ် စနစ်နဲ့ စိုက်ပျိုးကြတဲ့လယ်တွေ ဒီနှစ်မိုးစပါး၊ နွေစပါးစိုက်ပျိုးရေး အဆင်ပြေပါ့မလားတောင် မသိဘူး"ဟု ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းက သမိန်ထော-သိမ်ကုန်းကျေးရွာမှ လယ်သမားကြီး ဦးစံသိန်း၏ စိုးရိမ်သံကိုပြန်လည်ကြားယောင်မိသည်။

လယ်သမားကြီး ဦးစံသိန်းတစ်ယောက် ယခုကဲ့သို့ ညည်းမည်ဆိုလည်း ညည်းချင်စရာ။ သပြေကန်-သိမ်ကုန်းဇရိယာသည် ယခင်နှစ်များအတွင်းက အချိန်ခါမဲ့ ပင်လယ်ရေငန်တက်၍ မိုးစပါးခင်းတော်တော်များများ ပျက်စီးခဲ့ရဖူးပြီ။ ရှိရင်းစွဲရေထုတ်အဆောက်အအုံများ၏ ကြံ့ခိုင်မှု အားနည်းလာသဖြင့်လည်း နွေစပါးအောင်ရေအတွက် အခက်ကြုံခဲ့ရဖူးပြီ မဟုတ်ပါလား။

သပြေကန်-သိမ်ကုန်းဇရိယာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သမိန်ထော-သိမ်ကုန်းကွင်းသည်ပင်လျှင် တောင်သူလယ်သမားကြီးများ ယခုကဲ့သို့ ညည်းတွားစိုးရိမ်ပူပန်မှုဖြစ်ရသည် အထိစိုက်ပျိုးရေးအတွက် အဘက်ဘက်မှအခက်အခဲဖြစ်ပေါ်ခဲ့ရပါသည်။ ထို့ကြောင့်ပင်လျှင် ထိုဒေသ၏စိုက်ပျိုးရေး မြန်ဆန်စွာပြောင်းလဲတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒေသခံလယ်သမားများက သက်ဆိုင်ရာသို့ တောင်းဆိုလာရာ ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ လမ်းညွှန်မှုဖြင့် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ သဘာဝချောင်းတစ်ခုဖြစ်သည့် ဦးလုံချောင်းပေါ်တွင် ဦးလုံရေတံခါး(၄ ပေ× ၄ ပေ = ၅ပေါက်)တည်ဆောက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




**ကြေးမုံစာတည်းရှုထောင့်   ၃၀-၁၁-၂၀၁၅၊ တနင်္လာနေ့**

# အားနည်းချက်၊ အားသာချက်

လူတိုင်း လူတိုင်း၊ အဖွဲ့အစည်းတိုင်း၊ လုပ်ငန်းတိုင်းတွင် အားနည်းချက်(Weaknesses)၊ အားသာချက် (Strengths) ဟူ၍ရှိတတ်ကြသည်။ အလွန့်အလွန်ကောင်းမွန်ပါသည်ဟုဆိုသော လူ၊ အဖွဲ့အစည်း၊ လုပ်ငန်းတို့တွင်ပင် ပညာရှိသတိဖြစ်ခဲ့ ဆိုသကဲ့သို့ တစ်ခါတစ်ရံ အားနည်းချက်များ ဖြစ်ပေါ်တတ်သည်။

အချို့အချို့အနေဖြင့်လည်း အားနည်းချက်ရှိမှန်းမသိဘဲ ဖြစ်တတ်သည်။ အချို့လည်း မိမိကိုယ်ကို အထင်ကြီးပြီး အားသာသည်ဟုထင်မှတ်တတ်သည်။ အချို့က အားသာချက်ရှိသည်မှာ မှန်သော်လည်း ထိုအားသာချက်ဖြင့်ကျေနပ်၍ ဆက်လက်ကြိုးပမ်းခြင်းမရှိတတ်ချေ။ အချို့မှာ မိမိအားနည်းချက်ကို ပြင်ရကောင်းမှန်းမသိသူ၊ မပြင်ချင်သူ၊ မှန်သည်ဟုထင်နေသူများလည်း ရှိတတ်သည်။

ဤသည်မှာ လူတို့သဘာဝဖြစ်သည်။ ငါဟူသော အတ္တအစွဲများရှိနေသရွေ့ ငါကိုယ်တိုင် အမှားပြုမိနေမည်ဖြစ်သည်။ အမှားပြုမိသောအခါ အားနည်းချက်ဖြစ်မည်။ မိမိကိုယ်ကို မှားမှန်းမသိခြင်းသည်ပင် အားနည်းချက်ပင်ဖြစ်သည်။ ထို့ကြောင့် သူတော်ကောင်းပညာရှိများက သူတစ်ပါးကို ဝေဖန်ခြင်းထက် မိမိကိုယ်ကိုသာ ဝေဖန်ပါ၊ သုံးသပ်ပါ၊ ဆင်ခြင်ပါဟု တိုက်တွန်းကြသည်။ သူတစ်ပါးအပြစ်ကို မမြင်ပါနှင့်၊ မိမိအပြစ်ကိုမြင်ပါဟု နှိုးဆော်ကြသည်။

လူမှုဘဝနှင့်မိမိတို့လုပ်ငန်း မတိုးတက်ခြင်းသည် ဤအချက်သည် အဓိကပါဝင်သည်။ လုပ်ငန်းတိုးတက်ရေးတွင်လည်းကောင်း၊ နိုင်ငံတိုးတက်ရေးတွင်လည်းကောင်း ထိုအချက်သည် အရေးကြီးသောအချက်ဖြစ်သည်။ ဥပမာ အင်အားကြီးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကို ကြည့်လျှင် သိမြင်နိုင်သည်။

အမေရိကန်နိုင်ငံသည် နှစ်ပေါင်းများစွာ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီး ယခုအခါ ငွေကြေးအကျပ်အတည်း၊ စွမ်းအင်ဈေးနှုန်းပူပန်မှု၊ အကြမ်းဖက်ဝါဒစိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရသောကြောင့် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ၎င်းတို့နိုင်ငံ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်လာရသည်။ တရုတ်နိုင်ငံသည် တစ်ချိန်က ၎င်းတို့၏အားနည်းသော မူဝါဒများကို ပြုပြင်ပြောင်းလဲပြီး အားသာသည်ထက် အားသာအောင် ဆောင်ရွက်နိုင်သောကြောင့် ယနေ့အဘက်ဘက်တွင် အင်အားကြီးသော နိုင်ငံအဖြစ်ရပ်တည်နိုင်သည်ကို တွေ့ရသည်။

လုပ်ငန်းများတွင်သာမက ယနေ့ကမ္ဘာပေါ်ရှိနိုင်ငံများတွင် နိုင်ငံ၏ ပကတိအခြေအနေပေါ်မူတည်၍ အားနည်းချက်များကိုပြုပြင်ပြီး ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုးတက်လာသောနိုင်ငံများမှာ အတုယူစရာဖြစ်သလို အားနည်းချက်များကို မပြုပြင်ဘဲ ဆက်လက်ရှေ့တိုးလုပ်ကိုင်နေသောကြောင့် ဆုတ်ယုတ်ပျက်စီးရသော နိုင်ငံများမှာ သင်ခန်းစာယူစရာဖြစ်သည်။

ဤနေရာတွင် ပျော်ရွှင်ချမ်းမြေ့သော လူနေမှုဘဝ၊ တည်ငြိမ်သော နိုင်ငံရေး၊ ကောင်းမွန်သောစီးပွားရေးစနစ်၊ စုစည်းညီညွတ်သော ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုတို့သည် အားနည်းချက်များကို ချေဖျက်ရန်နှင့် အားသာချက်များကို ဖော်ထုတ်ရန်အတွက် တွန်းအားများပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အားနည်းချက်များကို အားသာချက်များအဖြစ် ပြောင်းလဲပေးနိုင်သော စွမ်းအားများဖြစ်သည်။

အားနည်းချက်များကို ပိုမိုလျော့နည်းအောင် ဆောင်ရွက်ရင်း အားသာချက်များကို ပိုမိုအားသာလာအောင် ဆောင်ရွက်နိုင်ခြင်းသည် ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်း၏ တိုးတက်အောင်မြင်ခြင်း လက္ခဏာများပင် ဖြစ်သည်။ လူ့ဘောင်လောက၊ အဖွဲ့အစည်း တိုးတက်ကောင်းမွန်ရေးကို ဦးတည်မျှော်မှန်းကာ မိမိတို့၏အားနည်းချက်များကို မခွင်းမချန်ဖော်ထုတ်၍ အားသာသည်ထက် အားသာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလသည် မိမိတို့လူ့အဖွဲ့အစည်းအတွက် အားသာသည့် အခြေအနေကောင်းများကို မြင်တွေ့နေရပြီဖြစ်သည်။ အားသာချက်များကို တိုးတက်ရယူကာ အားနည်းချက်များကို ရှာဖွေချေဖျက်ခြင်းဖြင့် အောင်မြင်မှုကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ။

## ထိုင်း-မြန်မာ ကုန်သွယ်ရေးတံတားတည်ဆောက်မှုအတွက် မြေယာလျော်ကြေးပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ထိုင်းနိုင်ငံ မဲဆောက်မြို့နှင့် မြန်မာနိုင်ငံမြဝတီမြို့တို့ကို ဆက်သွယ်ရန် ဒုတိယမြောက်တံတားအဖြစ် ဆောက်လုပ်နေသည့် ကုန်သွယ်ရေးတံတားသည် ထိုင်းနိုင်ငံ မဲဆောက်မြို့နယ်အတွင်းရှိ ဘန့်ဝမ်တခင်းရမ်းစီရင်စု (ဝါးစကင်း) အမှတ် (၇)ရပ်ကွက်နှင့် မြန်မာနိုင်ငံ မြဝတီမြို့အမှတ်(၅) ရပ်ကွက်၊ ရေပူကျေးရွာတို့ကို ရေလယ်တိုင်မပါဘဲ ပေါင်းကူးတည်ဆောက်မည့်ကြိုးတံတားအမျိုးအစားဖြစ်သည်။

တံတားအရှည်မှာ ချဉ်းကပ်လမ်းအပါအဝင် ၂၁ ဒသမ ၄၀ ကီလိုမီတာရှည် လျားပြီး မြန်မာဘက်ကမ်း၌ ချဉ်းကပ်လမ်း ၄ ဒသမ ၁၄ ကီလိုမီတာ၊ ထိုင်း ဘက်ချဉ်းကပ်လမ်း ၁၇ ဒသမ ၂၆ ကီလိုမီတာရှိသည်။ လမ်းအကျယ် ၁၇ မီတာရှိကာ လေးလမ်းသွားတံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

ဒုတိယမြောက် ကုန်သွယ်ရေးတံတားတည်ဆောက်မှုလုပ်ငန်းခွင်အတွင်း မြဝတီဘက်ကမ်း၌ မလွတ်ကင်း၍ဖယ်ရှားခံရသည့် မြေဧက ၁၀၃ ဒသမ ၀၇ ဧကအား ကရင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် လျော်ကြေးငွေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"တံတားနဲ့မလွတ်ကင်းဘဲ ဖယ်ရှားခံရတဲ့ မြေဧက ၁၀၃ ဒသမ ၀၇ ဧကရှိပါတယ်။ ဒီမြေတွေကို လန(၃၉) မြေ၊ ဂရန်မြေ၊ မြေလွတ်မြေရိုင်း၊ လုပ်ကိုင်ခွင့်ရမြေနဲ့ လယ်ယာမြေတွေကို အမျိုးအစားလိုက်ခွဲခြားပြီး မြေယာလျော်ကြေး၊ သီးနှံစိုက်ပျိုးမြေလျော်ကြေး၊ အဆောက်အအုံ ပြောင်းရွှေ့စရိတ်လျော်ကြေးတွေ ပေးဆောင်သွားမှာ ဖြစ်ပါတယ်" ဟု မြဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမှတ်(၂) တံတားတည်ဆောက်ရေးလုပ်ငန်း မြန်မာဘက်မှ ဖယ်ရှားခံလယ်၊ မြေ၊ အိမ်ပိုင်ရှင်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံပွဲ အခမ်းအနားတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

မြေအမျိုးအစားနှင့် ဖယ်ရှားဖျက်ဆီးခံရမည့် အဆောက်အအုံများ၊ နှစ်တို၊ နှစ်ရှည်သီးနှံပင်များအား ခွဲခြားစိစစ်ကာ တန်ဖိုးအလိုက်ပေးလျော်ရန် အတွက် အသေးစိတ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး လောလောဆယ်တွင် မြေတစ်ဧကအတွက်ပေးလျော်မည့် တန်ဖိုးအား မြေအမျိုးအစားအလိုက် ပြည်နယ်အစိုးရမှ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ထိုကျသင့်ငွေများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တင်ပြတောင်းဆိုသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"တည်ဆောက်ရေးဇုန်မြေနေရာနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရက တာဝန်ခံပြီး ညှိနှိုင်းပေးတာဖြစ်ပါတယ်။ အခက်အခဲမရှိပါဘူး။ ဒေသခံပြည်သူတွေကို နစ်နာကြေးအဖြစ် သက်ဆိုင်ရာမှ သတ်မှတ်နှုန်းတစ်ခု သတ်မှတ်ပေးပြီး ညှိနှိုင်းသွားမှာပါ။ မြေယာပေးမှုနဲ့ ပတ်သက်လို့ ပိုင်ဆိုင်တဲ့ ပြည်သူတွေသဘောတူညီပြီးသား ဖြစ်ပါတယ်။ ဒီနှုန်းကို ပြည်နယ်အစိုးရကနေ ကော်မတီဖွဲ့ပြီးတော့ ဘယ်လိုပေးရမလဲ ညှိနှိုင်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ တင်ပြတောင်းခံဆောင်ရွက်သွားမှာပါ"ဟု ထိုင်းနိုင်ငံဘက်ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်ရုံး၌ နှစ်ဖက်ကော်မတီဝင်များ တွေ့ဆုံပြီးတံတားတည်ဆောက်မှု စီမံကိန်းမူဝါဒများ ဆွေးနွေးရာတွင် လမ်း၊ တံတားဌာနညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုးက ပြောကြားသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



## သဖန်းဆိပ်ဆည်ရေသိုလှောင်ထားခြင်းကြောင့် စက်လှေစီးခရီးသည်များ သွားလာရေးအဆင်ပြေ

**ကွန်းလှ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ် အနောက်ခြမ်းကျေးရွာများသို့ ငါးဘတ်အိုင်-ကြို့ပင်ချောက်ဆိပ်ကမ်းများမှ စက်လှေများပြေးဆွဲလျက်ရှိရာ ဆည်ရေသိုလှောင်ထားခြင်းကြောင့် စက်လှေများ၊ ခရီးသည်များ သွားလာရေးအဆင်ပြေကြောင်း သိရသည်။

"အရင်နှစ်တွေက ဆည်အတွင်း ရေနည်းတာကြောင့် လှေဆိပ်ကိုခဏခဏပြောင်းရွှေ့ရတယ်။ စက်လှေမောင်းရာမှာလည်း ရေလမ်းကြောင်းကြည့်ပြီး မောင်းရလို့ အချိန်ကြာပါတယ်။ ဒီနှစ်မိုးကောင်းလို့ ဆည်အတွင်း ရေသိုလှောင်ထားနိုင်တဲ့အတွက် စက်လှေမောင်းရာမှာ အချိန်တိုအတွင်း လိုရာခရီးကိုလျင်မြန်စွာရောက်ရှိစေပါတယ်"ဟု စက်လှေပိုင်ရှင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ကုန်သည်တွေက ကုန်ပစ္စည်းတွေကို စက်လှေနဲ့ သယ်ယူကြပါတယ်။ အရင်နှစ်ကလှေဆိပ်ပြောင်းရွှေ့ရတဲ့အတွက် သယ်ယူစရိတ် ပိုကုန်ပါတယ်။ အခုနှစ်မှာ ဆည်ရေများတာကြောင့် လှေဆိပ်ဟောင်းကသွားရပြီး ကုန်ကျစရိတ်သက်သာလို့ ကုန်ပစ္စည်းတွေကို ကျေးရွာတွေမှာ အချိန်မီရောင်းချနိုင်ပါတယ်" ဟု ကုန်သည်တစ်ဦးက ဆိုသည်။ **မျိုးဝင်းညို (ကွန်းလှ)**

## မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေး

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက မိတ္ထီလာမြို့ ပြည်သာယာ(တ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ကြောင်း သိရသည်။

၎င်းအသိပညာပေးဆွေးနွေးပွဲတွင် မိတ္ထီလာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသော မော်တော်ယာဉ်များကို ထိရောက်စွာအရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ အရေးယူဆောင်ရွက်ရာတွင် ဒဏ်ငွေကျပ် သုံးသောင်းမှ ကျပ်သုံးသိန်းအထိ၊ ထောင်ဒဏ်တစ်လမှ ခြောက်လအထိ ပြစ်ဒဏ်များနှင့် ထောင်ဒဏ်နှင့် ဒဏ်ငွေနှစ်ရပ်လုံးဖြင့်လည်းအရေးယူခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရန်၊ ဆိုင်ကယ်တစ်စီး နှစ်ဦးထက်ပိုမစီးရန်၊ နောက်ကြည့်မှန်များ တပ်ဆင်ရန်၊ ဆိုင်ကယ်မေးသိုင်းကြိုးများ တပ်ဆင်မောင်းနှင်ရန်၊ ဆိုင်ကယ်ကို အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမပြုရန်တို့ကို လိုက်နာကြရန် လိုအပ်ကြောင်း။

မိတ္ထီလာတွင် တစ်လလျှင် ဆိုင်ကယ်မတော်တဆမှုကြောင့် လူနှစ်ဦးခန့် သေဆုံးမှုဖြစ်ပွားလျက်ရှိကြောင်း၊ ဆိုင်ကယ်တိုက်မှုဖြစ်ပွားရာတွင် သေဆုံးသူအများစုမှာ ဆိုင်ကယ်စီးဦးထုပ်များ မဆောင်းခြင်းကြောင့် ဖြစ်ကြောင်း၊ မီးပွိုင့်မှ မီးဝါပြသချိန်တွင်လည်း ဖြတ်သန်းမောင်းနှင်ခြင်းမျိုး မပြုရန်လိုအပ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသူများကို ထိရောက်စွာ အရေးယူ ဆောင်ရွက်တော့မည့် အကြောင်းကို အသံချဲ့စက်ဖြင့် ညစဉ်ရပ်ကွက်အလိုက် လှည့်လည် အသိပေးကြေညာလျက်ရှိကြောင်း စသည်ဖြင့် အမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်စိုးက ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် တက်ရောက်လာကြသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ယာဉ်ထိန်းတပ်ဖွဲ့စုမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး အသိပညာပေး လက်ကမ်းစာစောင်နှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေ အကြောင်းစာရွက်များကို ဖြန့်ဝေပေးကြောင်းသိရသည်။**ချမ်းသာ(မိတ္ထီလာ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံ၏ တယ်လီဖုန်းအသုံးပြုနိုင်မှု ၆၀ ရာခိုင်နှုန်းကျော် တိုးတက်လာကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ၏ တယ်လီဖုန်းအသုံးပြုနိုင်မှုသည် ၂၀၁၀-၂၀၁၁ခုနှစ်တွင် ငါးရာခိုင်နှုန်းအောက်သာ ရှိခဲ့ရာမှ ယနေ့အချိန်တွင် ၆၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်သုံးစွဲလာနိုင်ပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က (၁၅)ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းများတွင် ပြောကြားခဲ့သည်။

ထို့အတူ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆက်တွဲအဖြစ် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများ၏ အကျိုးကျေးဇူးများကို ပြည်သူများ ရရှိခံစားနေရပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ ဒါနန်းမြို့တွင် နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများနှင့် အာဆီယံဆက်သွယ်ရေးကဏ္ဍ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းအဖွဲ့ချုပ် (ITU)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာကိစ္စရပ်များအပေါ် အမြင်များဆွေးနွေးဖလှယ်ခြင်း၊ ASEAN ICT Master Plan 2015 နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ဆက်လက်ဆောင်ရွက်မည့် AIM2020 (ASEAN ICT Master Plan 2020)နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုထုတ်ပြန်ခြင်း၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) နှင့် အာဆီယံနိုင်ငံများအကြား ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ဒါနန်းကြေညာစာတမ်း ထုတ်ပြန်ခြင်းနှင့် ASEAN ICT Award 2015 အတွက် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းများဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်အား အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာဝန်ကြီးများနှင့်အတူ တွေ့ဆုံ၍ လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး၊ ဂျပန်နိုင်ငံ ဆက်သွယ်ရေးနှင့် ပြည်တွင်းရေးရာ ဒုတိယဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံ၍လည်းကောင်း ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**❖ ရေဝန်တားမှ**

ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် အောက်မြန်မာပြည်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းဝင် ကွင်းပတ်တာ(Polder)များဖြစ်သည့် ကြက်ဖမွေးဇောင်းကွင်းပတ်တာ၊ ဘန့်ဘွေးစုကွင်းပတ်တာ၊ ဇင်းဘောင်ကွင်းပတ်တာ၊ ဒေါ်ငြိမ်းကွင်းပတ်တာ၊ မြို့ကုန်းကွင်းပတ်တာ၊ လက်ပန်ပင်ကွင်းပတ်တာနှင့် ဒေးဒလူကွင်းပတ်တာဟူ၍လည်းကောင်း၊ ပင်လယ်ရေဝန်တားတာတမံ (Embankment) များဖြစ်သည့်ဘုရားကြီး ရိုးဇင်းဘောင်တာနှင့် ငါးကြီးရိုးတာတမံဟူ၍လည်းကောင်းရှိရာ ယခုဆောက်လုပ်သည့် ဦးလုံရေတံခါးသည် ဘုရားကြီးရိုးဇင်းဘောင်တာဧရိယာရှိ သမိန်ထော-သိမ်ကုန်းကျေးရွာအုပ်စုတွင် တည်ရှိသော(Flap Gate & Slide Gate)နှစ်မျိုးပါပင်လယ်ရေဝန်တား၊ ရေချိုထိန်း၊ မိုးရာသီတွင်ကွင်းရေနုတ်စနစ်ပါသောရေတံခါးတစ်ခုဖြစ်ပါသည်။ အဆိုပါရေတံခါးသည်အကျိုးပြုဧရိယာ ဧက ၂၀၀၀ ခန့်အား မိုးရာသီရေကြီးနစ်မြုပ်ခြင်း၊ နွေရာသီ ပင်လယ်ရေဝန်ဝင်ရောက်ခြင်းများမှ လျှော့ချကာကွယ်သွားနိုင်စေရေးအပြင် နွေစပါးအောင်ရေထိန်းနိုင်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

“ အဓိကဦးတည်ချက်ကတော့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် မိုးစပါးအောင်မြင်စွာစိုက်ပျိုးနိုင်ရေး ဦးစားပေးပေ့ါ။ နောက်တစ်ချက်ကတော့ ပြောင်းလဲလာနေတဲ့ သဘာဝဖြစ်စဉ်တွေ၊ တစ်နှစ်ထက်တစ်နှစ်ဆိုးရွားလာတဲ့ရာသီဥတုဖြစ်စဉ်တွေ၊ တိမ်ကောလာနေတဲ့မြစ်တွေ၊ ချောင်းတွေ၊ နှစ်ကာလကြာမြင့်မှုအရ ပြောင်းလဲလာတဲ့သဘာဝဖြစ်စဉ်ကြောင့် ရေဝန်ကာကွယ်မှုလျော့ပါးလာတဲ့တာတမံတွေ၊ ရေနုတ်နိုင်စွမ်းလျော့နည်းလာတဲ့ ရေထုတ်အဆောက်အအုံတွေရဲ့အချိုးမညီတော့တဲ့ သဘာဝဂေဟဗေဒစနစ်(EcoSystem)တွေရဲ့အခြေအနေအရတည်ဆောက်ပေးရတာပါ။ လုပ်ငန်းစတင်ဆောင်ရွက်တဲ့နေ့ကတော့၂၀၁၅ ခုနှစ် ဇွန် ၁၆ ရက်ကပါ။ လေးပေပတ်လည် (၅)ပေါက်၊Sill Level{RL(-3)ft above M.S.L} ထားရှိပြီး Discharge (80)$ft^3$/sec နဲ့ဒီဇိုင်းပုံစံထုတ်ပြီး တည်ဆောက်ပေးထားတာပါ။ ဒီရေတံခါးမှာထူးခြားတာက Fiber Glass ရေတံခါးရွက်ကိုအသုံးပြုပြီး သံချေးမတက်အောင်ဆောင်ရွက်ထားတာပါ။ ပင်လယ်ဆားငန်ရေကြောင့် သံချေးကိုက်ခြင်းကာကွယ်ရန်နဲ့ နှစ်ရှည်ခံနိုင်အောင် Fiber Glass ရေတံခါးရွက်များကိုရေဝန်ဒေသမှာပထမဆုံး အသုံးပြုခြင်းဖြစ်ပါတယ်။ အခု ဦးလုံရေတံခါးတည်ဆောက်မှုအားလုံးပြီးစီးသွားပါပြီ”ဟု ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ဇော်က ပြောသည်။

ယခုအခါ ဦးလုံရေတံခါးတည်ဆောက်ပြီးစီးပြီဖြစ်၍ သမိန်ထော-သိမ်ကုန်းကျေးရွာအုပ်စုအပါအဝင် ကွန်ဒိုင်းကျေးရွာအုပ်စု၊ သမိန်ထော-သိမ်ကုန်းကျေးရွာအုပ်စုများရှိ စိုက်ဧက ၂၀၀၀ ခန့်အား နွေစပါးအတွက် အောင်ရေထိန်းပေးနိုင်မည့်အပြင် မိုးရာသီရေကြီးနစ်မြုပ်ခြင်း၊ နွေရာသီ ရေဝန်ဝင်ရောက်ခြင်းများမှကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကွင်းပတ်တာအပြင်ဘက်ရှိ ဇင်းဘောင်ချောင်းနှင့်ဦးလုံချောင်းများ တိမ်ကောလာသဖြင့် ရေပိုထုတ်လွှတ်မှုနှောင့်နှေးကြန့်ကြာရသည့်အခက်အခဲများမှလည်း လျော့ပါးသွားနိုင်မည်ဖြစ်ကြောင်း အဆိုပါရေတံခါးတည်ဆောက်ရေးတာဝန်ခံ တစ်ဦးထံမှ သိရသည်။

“လာမယ့်နှစ်တော့မိုးများပြီး ရေကြီးနစ်မြုပ်တဲ့ဒုက္ခ၊ ရေဝန်ရောက်လို့စပါးပျက်ရတဲ့ဒုက္ခတွေက သက်သာလာလိမ့်မယ်လို့ပြောနိုင်ပြီဗျာ။ ဘာလို့လည်းဆိုတော့ ပြီးခဲ့တဲ့နှစ်တွေက ခုလိုရေတံခါးလည်းမရှိတော့ စပါးစိုက်ပျိုးဖို့အတွက် နွေပိတ်၊ မိုးချိုးစနစ်နဲ့သွားရတာလေဗျာ။ ဒီစနစ်ကလည်း ရေရှည်အဆင်မပြေပါဘူး။ မြေကြီးကအနီးအနားမှာမရှိဘူး။ မြေယူဖို့လယ်မြေကလည်း အဆင်မပြေတော့ဘူး။ ပြီးတော့အလုပ်သမား၊ မျောတိုင်၊ အုန်းပင်၊ ထန်းပင်နဲ့ ဝါးစတာတွေကဆောင်ရွက်ဖို့လိုသေးတယ်မဟုတ်လား။ ခုတော့ ဒီအခက်အခဲတွေကလွတ်ပြီဗျာ။ ဒီလိုသာရေတံခါးတွေလိုအပ်တဲ့နေရာတွေမှာ ထပ်မံတည်ဆောက်ပေးမယ်ဆိုရင်တော့ လာမယ့်နှစ်တော့ ကျွန်တော်တို့ဖျာပုံမြို့ကအစိမ်းရောင်ကမ္ဘလာပတ်ချာလည်ကာရံထားတဲ့မြို့၊ ဆန်ရေစပါးပေါများတဲ့ထမင်းချေးမြို့ကြီးအဖြစ်ကမ္ဘည်းတပ်ရမှာသေချာတယ်ဗျ။လက်ရှိယခုရေတံခါး ဆောင်ရွက်ပေးနိုင်ခြင်းမရှိပေမယ့်လည်း နွေပိတ်၊ မိုးချိုး တုတ်တန်းရိုက်ချောင်းပိတ်ပြီး နွေစပါးစိုက်ပျိုးနေရတဲ့ ငါးကြီးရိုးချောင်း၊ ရွာလယ်ချောင်း၊ အဖောင်ပင်မချောင်း၊အဖောင်လက်ဝဲချောင်း၊ အဖောင်လက်ယာချောင်းများကိုလည်း တစ်နှစ်ချင်းရေတံခါးများဆောက်လုပ်ပေးမည်ဆိုပါက လယ်သမားတွေရေဝန်ဝင်မှာမပူရဘဲ နွေစပါးစိုက်ပျိုးနိုင်မှာမို့ ပံ့ပိုးကူညီပေးဖို့အစိုးရကိုမေတ္တာရပ်ခံလိုပါတယ်။ ရွှေကိုမလို ရေချိုသာလိုသည်၊ ရေဝန်မဝင်ဖို့လိုသည် ဆိုတဲ့ကျွန်တော်တို့လယ်သမားတွေအတွက် ရေမှာဆိုဦးလုံ(ဦးလုံရေတံခါး)ကိုအထူးယုံလိုက်ပါလို့ပြောရမယ်ဗျို့ ”ဟု လယ်သမားကြီး ဦးစံသိန်းကအားပါးတရပြောသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းလုပ်ငန်းများ စဉ်ဆက်မပျက်ဆောင်ရွက်ပေးနေရသည့် ဖျာပုံခရိုင်တွင် ကွင်းပတ်တာအလျားစုစုပေါင်း ၃၅၅ ဒသမ ၁၆ မိုင်၊ ရေတံခါး ၆၂လုံး၊ ရေထုတ်ပေါက် ၃၈၇ ပေါက်၊ ရေထိန်းတံခါးပေါက် ၁၄၉ ပေါက်၊ ကွင်းတွင်းဆက်သွယ်ရေးအဆောက်အအုံလေးခု၊ ရေနုတ်မြောင်းအလျား ၃၀၇ ဒသမ ၄၄ မိုင်နှင့် ရေဘေးကာကွယ်ဧရိယာ ဧက ၂၇၅၀၀၀ ခန့်ဖြစ်ကြောင်းနှင့် လယ်သမားများ မိုးစပါး၊ နွေစပါးများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေးကို ဆည်မြောင်းဦးစီးဌာနမှကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

# စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်)က ကြီးမှူး၍ လစဉ်ကျင်းပမြဲဖြစ်သော စိုက်ပျိုးရေးနည်းပညာဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယခုလအတွက် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဉယျာဉ်သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိချိုက စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရာတွင်အခြေခံရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ သွင်းအားစုများ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာမှန်ကန်စွာအသုံးပြုမှု၊ နည်းပညာများကူညီပေးနိုင်မှု စသည်တို့ကို “စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နည်း”ခေါင်းစဉ်ဖြင့် ဟောပြောပြီး သိရှိလိုသည်များကိုပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဟောပြောပွဲသို့ စပါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများ၊ မှော်ဘီမြို့နယ် စပါးအထူးပြုလေ့လာသူ သင်တန်းသား သင်တန်းသူများနှင့် စိတ်ပါဝင်စားသူများတက်ရောက် လေ့လာဆွေးနွေးခဲ့ကြသည်။

**(ကိုချစ်)**



**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဩဘာလမ်းအထက်ပိုင်း၌ ဆဋ္ဌမအကြိမ်မြောက် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၂၉ရက် ညနေပိုင်းက ကျင်းပရာ ရပ်ကွက်အတွင်းရှိ ပြည်သူများပျော်ရွှင်စွာလာရောက်သုံးဆောင်လျက်ရှိသည်ကို တွေ့ရစဉ်။** (ကြေးမုံ)

# ဥတုရာသီ တောကိုမှီ၏

# ကမ္ဘာကြီးပူနွေးမှုတိုက်ဖျက်ရေး မြို့တော်ပါရီ၌ ဆန္ဒပြရန်စီစဉ်




ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံမတိုင်မီ ဂျကာတာမြို့တွင်း ကျင်းပသည့် ကမ္ဘာကြီးပူနွေးမှု တိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူများကို တွေ့ရစဉ်။

**ပါရီ နိုဝင်ဘာ ၂၉**

ပြင်သစ်နိုင်ငံ၌ ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံ အကြို နေ့တွင် ကမ္ဘာကြီး ပူနွေးလာမှု တိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူများက မြို့တော်ပါရီ၌ ဆန္ဒပြရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ညီလာခံကျင်းပချိန်နှင့် အချိန်ကိုက်၍ ကမ္ဘာ့မြို့ကြီးများဖြစ်ကြသော ဆစ်ဒနီ၊ ဂျကာတာ၊ ဘာလင်၊လန်ဒန်၊ စောပေါလို နှင့် နယူးယောက်တို့၌ ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေး တက်ကြွလှုပ်ရှား သူများက လူထုလှုံ့ဆော်ရေးအစီအစဉ်များကို တစ်ပြိုင်တည်းပြုလုပ်ရန် ရှိနေစဉ် မြို့တော်ပါရီ၌လည်း အလားတူပြုလုပ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ လူပေါင်း ၁၃၀ သေဆုံးစေခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အစိုးရအဖွဲ့က အရေးပေါ်အခြေအနေ ထုတ်ပြန်ထားရာ ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူများက ၎င်းတို့၏ လှုပ်ရှားမှု အစီအစဉ်ကို အကျဉ်းချုံးပြုလုပ်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ လုံခြုံရေးအခြေအနေအရ ထိပ်သီးညီလာခံ မကျင်းပမီတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူ ၂၄ ဦးကို နေအိမ်အကျယ်ချုပ်ဖြင့် နေထိုင်စေခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ဘားနစ်ကာဇန်နူက ပြောကြားသည်။ **ရိုက်တာ။**

# လုံခြုံရေးတင်းကျပ်မှုကြောင့် ပြင်သစ်နိုင်ငံသို့ လူ ၁၀၀၀ ခန့် ဝင်ခွင့်မရ

**ပါရီ နိုဝင်ဘာ ၂၉**

ပြင်သစ်နိုင်ငံတွင် နိုဝင်ဘာ ၁၃ ရက်က ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ပြင်သစ်နိုင်ငံတွင်းသို့ ဝင်ရောက်မည့် လူ ၁၀၀၀ ခန့်ကို တားမြစ်ပိတ်ပင်ခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

လုံခြုံရေးအခြေအနေကြောင့် လူအများအပြားကို ပြည်ဝင်ခွင့်ပြုရန် ငြင်းဆန်ခဲ့ရခြင်းဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဘားနက်ကာဇန်နူက နိုဝင်ဘာ ၂၈ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။ ပြင်သစ်အစိုးရအနေဖြင့် ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက်ပိုင်း နိုင်ငံတော်အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသကဲ့သို့ နယ်စပ်ဒေသများတွင်လည်း လုံခြုံရေးတင်းကျပ်ထားသည်။

ပြင်သစ်နိုင်ငံသည် (၂၁)ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်သည့်အတွက် ပြင်သစ်အစိုးရအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ တပ်လှန့်နိုးဆော်ထားကြောင်း ဘားနက်က ပြောကြားသည်။

ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင် ၁၅၀၀၀ ခန့်တို့ နယ်စပ်ဒေသများကို စောင့်ကြည့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပါရီမြို့၌ နိုဝင်ဘာ ၃၀ ရက်တွင် စတင်ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံသို့ ကမ္ဘာတစ်ဝန်းမှ နိုင်ငံတကာခေါင်းဆောင် ၁၅၀ နီးပါးတက်ရောက်ကြမည်ဖြစ်သည်။ ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း ခက်ခက်ခဲခဲ ကိုင်တွယ်ဖြေရှင်းသွားရမည်ဖြစ်ပြီး ညီလာခံကျင်းပနေသည့် ကာလအတွင်း နိုင်ငံသားများအနေဖြင့် ကိုယ်ပိုင်ယာဉ်များကို အသုံးမပြုကြရန် တာဝန်ရှိသူများက တိုက်တွန်းနှိုးဆော်ထားသည်။ **အင်န်အိတ်ချ်ကေ။**



# ခိုလှုံခွင့်တောင်းခံသူများကို ပိုမိုလက်ခံရန် ဂျပန်အစိုးရ လိုလားခြင်းမရှိဟုဆို

**တိုကျို နိုဝင်ဘာ ၂၉**

ဂျပန်နိုင်ငံသည် ကမ္ဘာ့ဒုက္ခသည်ပြဿနာအတွက် ဝိုင်းဝန်းအဖြေရှာသည့်အနေဖြင့် ခိုလှုံခွင့် တောင်းခံလာသူများကို ပိုမိုလက်ခံသင့်ကြောင်း ယင်းနိုင်ငံ၌ ဒုက္ခသည်အဖြစ် နေထိုင်ခွင့်ရရှိထားသည့် အသိုက်အဝန်းက အစိုးရအဖွဲ့ကို တိုက်တွန်းလိုက်သည်။ သို့ရာတွင် အစိုးရက ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများ ဝင်ရောက်မှုကို ဥပဒေအရ တင်းကျပ်စွာ ထိန်းချုပ်ထားကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ဂျပန်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က ခိုလှုံခွင့်တောင်းခံသူ ၅၀၀၀ အနက် ၁၁ ဦးကိုသာလျှင် ဒုက္ခသည်အဆင့် သတ်မှတ်ပေးခဲ့ကြောင်း၊ ယင်းမှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)အဖွဲ့ဝင်နိုင်ငံများအနက် ဒုက္ခသည်များအား လက်ခံမှုနှုန်းအနိမ့်ဆုံးကို ဖော်ညွှန်းနေကြောင်း သတင်းတွင် ဖော်ပြသည်။ ကမ္ဘာ့ချမ်းသာသော နိုင်ငံများ၏ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော အိုအီးစီဒီတွင် ဒုက္ခသည်များအား လက်ခံမှုနှုန်းကို ကြည့်ပါက ပြင်သစ်က ၂၂ ရာခိုင်နှုန်း၊ ဂျာမနီက ၄၂ ရာခိုင်နှုန်း အသီးသီးရှိသည်။

ဆီးရီးယား ပြည်တွင်းစစ်မှ ဘေးလွတ်ရာသို့ ထွက်ပြေးလာကြသည့် ဒုက္ခသည်များအတွက် အကူအညီပေးနိုင်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန် ဒေါ်လာ ၂ ဘီလီယံခန့်ထောက်ပံ့ပေးရန် ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ဒုက္ခသည်များကို လက်ခံရန် ဂျပန်အစိုးရက လိုလားခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဒုက္ခသည်အရေးသည် ဂျပန်နိုင်ငံ၌ နိုင်ငံရေးအရ ထိလွယ်ရှလွယ်သော ပြဿနာအဖြစ် ရှိနေဆဲဖြစ်သည်။ ဂျပန်နိုင်ငံ၌ လူဦးရေ ကျုံ့လာလျက်ရှိသော်လည်း ပြင်ပမှ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများကို အစိုးရအဖွဲ့က လက်ခံလိုခြင်း မရှိပေ။ **ရိုက်တာ။**

# တူရကီပစ်ချခဲ့သည့် ရုရှားဂျက်လေယာဉ်မှူး၏အလောင်းကို ရုရှားနိုင်ငံသို့ ပြန်လည်လွှဲပြောင်းရန်စီစဉ်

**အန်ကာရာ နိုဝင်ဘာ ၂၉**

နိုဝင်ဘာ ၂၃ ရက်က ရုရှားဂျက်လေယာဉ်တစ်စင်းအား တူရကီနိုင်ငံက ပစ်ချခဲ့ပြီးနောက် လေယာဉ်မောင်းသမားနှစ်ဦးအနက် တစ်ဦး၏အလောင်းကို ရုရှားနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးချုပ်အာမက်ဒါဗူတိုဂလူးက ယနေ့ပြောကြားကြောင်း သိရသည်။

အခင်းဖြစ်ပွားခဲ့သည့်နေရာမှ တူရကီနိုင်ငံ တောင်ဘက်ပိုင်းရှိ ဟာတေမြို့သို့ အဆိုပါအလောင်းကို မည်သို့ပို့ဆောင်ပေးခဲ့သည်ကိုမူ ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့ခြင်းမရှိပေ။

ယခုအချိန်တွင် အလောင်းကို ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ဒုက္ခသည်များအရေး ဥရောပခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးရန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့မသွားမီ အန်ကာရာမြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က မီဒီယာသို့ ပြောကြားခဲ့သည်။

သေဆုံးသွားသည့်လေယာဉ်မှူး၏ ရုပ်ကြွင်းများကျန်ရှိနေသလားဆိုသည်ကိုမူ စစ်ဆေးရန် ရုရှားစစ်သံမှူးက အခင်းဖြစ်ပွားရာနေရာသို့ ယနေ့သွားရောက်နေကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

တူရကီနိုင်ငံက ရုရှားဂျက်လေယာဉ်ကို နယ်စပ်ချိုးဖောက်ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ဟုယူဆကာ ပစ်ချခဲ့သည့် အချိန်ကစပြီး တူရကီနှင့်ရုရှားနိုင်ငံတို့၏ဆက်ဆံရေးမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ရုရှားနိုင်ငံက တူရကီနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများလုပ်ဆောင်ခဲ့သည့်အပြင် နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကိုပါ ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ တူရကီနိုင်ငံအနေဖြင့် လက်ရှိတင်းမာနေသော အခြေအနေကို ပြေလျော့ရေးအတွက်ကြိုးပမ်းလျက်ရှိသည်။ ယခုရက်သတ္တပတ်အတွင်း ပါရီမြို့တွင်ကျင်းပမည့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ထိပ်သီးအစည်းဝေးပွဲသည် တူရကီနိုင်ငံအတွက် အခြေအနေပြေလျော့ရေးကြိုးပမ်းရာတွင် ထိရောက်နိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်မည်ဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံအတွင်း ခံယူချက်အမျိုးမျိုးဖြင့် စစ်ဆင်ရေးဆင်နွှဲနေကြသည့် ညွှန့်ပေါင်းအဖွဲ့များအနေဖြင့် သတင်းအချက်အလက်များဖြန့်ဝေမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများမရှိပါက ထိုကဲ့သို့သော အခြေအနေမျိုးထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း တူရကီဝန်ကြီးချုပ်က ဆိုသည်။

အမေရိကန်နှင့် ၎င်းမိတ်ဖက်နိုင်ငံများအပါအဝင် တူရကီနှင့်ရုရှားနိုင်ငံတို့သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အခြားသောစစ်သွေးကြွများကို လေကြောင်းစစ်ဆင်ရေး တိုက်ခိုက်ဆင်နွှဲနေကြသည်။

ရုရှားနှင့်တူရကီနိုင်ငံတို့သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ထောက်ပံ့မှုများပေးနေသည်ဟု အပြန်အလှန် စွပ်စွဲနေကြသော်လည်း အီရတ်နှင့်ဆီးရီးယားနိုင်ငံများတွင်ရှိသော အိုင်အက်စ်စစ် သွေးကြွအဖွဲ့များကို တိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း နှစ်နိုင်ငံစလုံးကဆိုကြသည်။

ရုရှားအစိုးရသည် ဆီးရီးယားသမ္မတ ဘာရှားအယ်အာဆတ်ကို ထောက်ခံသည်။ ရုရှားနိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းမည့်အစား ဆီးရီးယားနိုင်ငံအတွင်းရှိ ဆီးရီးယားအစိုးရအား ဆန့်ကျင်သည့် စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်ဟု အနောက်နိုင်ငံများက ရုရှားနိုင်ငံအားစွပ်စွဲကြသည်။

တူရကီနိုင်ငံသည် ဆီးရီးယားသမ္မတကို ဖြုတ်ချချင်သည်။ သမ္မတအာဆတ်အား ဆန့်ကျင်သည့် ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွများကို ထောက်ပံ့ပေးသည်။ **ရိုက်တာ။**




တူရကီနိုင်ငံက ပစ်ချခဲ့သည့် ရုရှားဂျက်လေယာဉ်မှူး။

## ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

ဆရာမကြီး၏ မွေးနေ့ပွဲသို့ တက်ရောက်လာကြသော မြန်မာပြည်အနှံ့အပြားမှ စာပေမိတ်ဆွေများနှင့် တပည့်သားမြေးများက အချင်းချင်းတွေ့ဆုံ၍ အားပါးတရပြောကြားသွားခဲ့သော ဂုဏ်ပြုအမှတ်တရစကားသံများကို မျှဝေခံစားဖော်ပြပေးလိုက်ပါသည်။

**ဆရာနေဝင်းမြင့်**

အမေကကျွန်တော့်အတွက်တော့ ဘဝနှစ်ခုအတွက် အားကိုးခဲ့ရတာပါ။ တစ်ခုက မိသားစုဘဝအတွက် အားကိုးခဲ့ရသလို စာပေကလည်း အမေ့အရိပ်အောက်မှာ လုပ်ကိုင်ကြိုးစားခဲ့ရတာဆိုတော့ အမေ့ကျေးဇူးက ဆပ်ရင်ကုန်နိုင်ဖွယ် မရှိပါဘူးဗျာ။ စရိုက်တွေ ဘေးဖယ်ထားပြီး ဒေါ်ဒေါ့်ကိုချစ်တဲ့စိတ်နဲ့ လာကြတာဖြစ်လို့ ဝမ်းသာတဲ့အပြင် ကျေးဇူးလည်း တင်ပါတယ်။

**ဆရာ ကိုရိုးကွန့်**

ဒေါ်ဒေါ်ရဲ့ နှစ်(၁၀၀)ပြည့်ကတော့ မြန်မာပြည်အနှံ့မှာရှိတဲ့ စာရေးဆရာတွေ၊ စာပေချစ်သူတွေ အားလုံး အလေးထားလာရောက်ကြတဲ့ ပွဲလေးဖြစ်ပါတယ်။ သူ့ကိုချစ်ခင် ယုံကြည်အားကိုးစိတ်နဲ့ ဒီပွဲလေးကို လုပ်တာဖြစ်ပါတယ်။ ဒေါ်ဒေါ်ဟာ စာပေလောကမှာတင်မက လူမှုရေးပိုင်းမှာလည်း မန္တလေးပြဟ္မစိုရ်အသင်းကြီးကို တည်ထောင်ဖို့ စတင်ခဲ့သူဖြစ်ပါတယ်။ ဒီနေ့မှာဆို ဒေါ်ဒေါ်ရဲ့မွေးနေ့ကိုအမှီပြုပြီး ကျွန်တော်တို့ အနယ်နယ်အရပ်ရပ်က ဆုံဖြစ်ဖို့မလွယ်လှတဲ့သေခဲ့သော်လည်း ကမ္ဘာတည်သရွေ့ မမေ့နိုင်ခဲ့ပါဘူး။ ရန်ကုန်တက္ကသိုလ်ကျောင်းသူဘဝမှာ ကမ္ဘာလှည့်၍ ဒိန်းမတ်၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ရုရှား၊ ဂျာမနီ၊ ပိုလန်နဲ့ တရုတ်နိုင်ငံတွေမှာ စာပေဝတ်မှုန်ကူးပြီး မြန်မာစာဖတ်ပရိသတ်တွေကို သုတ၊ ရသတွေကို ဖြန့်ဝေခဲ့သူပါ။ ခေတ်ပညာတတ် အမျိုးသမီးဖြစ်ပေမယ့် မြန်မာဆန်ဆန် မြန်မာမှုကိုချစ်မြတ်နိုးသူ ဇိမ်ခံကားစီး၍ ဆိုရှယ်ကျပိုင်ခွင့်ရှိပေမယ့်လည်း ကြံ့ရာကားစီး၍ လမ်းမပေါ်လျှောက်ကာ အောက်ခြေလူသားများနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့သူ လူထုဒေါ်အမာကို ကျွန်တော်တို့ လေးစားအားကိုးခဲ့ရပါတယ်။ ဒီနေ့ ဆရာမကြီးရဲ့ နှစ်(၁၀၀)ပြည့်မွေးနေ့ပွဲမှာ စာပေပီတိဝေဖြာမှုနဲ့ ကြုံခွင့်ဆုံခွင့်



ဆရာ နေဝင်းမြင့်။



ဆရာ ကျော်ရင်မြင့်။



ဆရာ ကိုရိုးကွန့်။



ဆရာမ နီနီနိုင်။



ခင်မောင်ငြိမ်း။



ဦးစိုးဝင်းမြင့်။



ဆရာ ညီပုလေး။

ဒီနေ့မြင်ကွင်းကြီးကိုတွေ့ရတာ ဝမ်းသာလိုက်တာ။ နှစ်ပေါင်းများစွာ မတွေ့ရတဲ့ ရေးဖော်ရေးဖက်တွေကို တစုတဝေးတည်း အမေရဲ့မွေးနေ့ပွဲကြီးကို အကြောင်းပြုပြီးတွေ့ရတာ အခု ရင်ခုန်နေတယ်ဗျာ။

**ဆရာကျော်ရင်မြင့်**

ဒေါ်ဒေါ်က ဒီလိုသူ့ရဲ့ မွေးနေ့ပွဲလုပ်တာကို သိပ်ပြီးသဘောမကျဘူး။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ဒေါ်ဒေါ့်မွေးနေ့ကို အကြောင်းပြုပြီး အထက်အောက်စာပေမိတ်ဆွေတွေ တွေ့ဆုံကြပြီး ရင်းနှီးခင်မင်ခွင့်ရကြလို့ ဒေါ်ဒေါ့်ကို မွေးနေ့ပွဲလုပ်ပေးခွင့်ပြုပါလို့ ခွင့်တောင်းပြီး ဒေါ်ဒေါ်ရဲ့ အသက်(၇၀) ပြည့်နှစ်ကစလို့ လုပ်ခဲ့ကြတာပါ။ ဒါကြောင့်လုပ်ခွင့်ပြုတဲ့ ဒေါ်ဒေါ့်ကိုလည်း ကျေးဇူးတင်ပြီး သတိရနေပါတယ်။ နောက်တစ်ခုက သူ့မွေးနေ့ကို သူ့သားသမီးတွေ၊ စာပေသမားတွေက အခုလိုကျင်းပရတာဟာ သူကိုယ်တိုင်လုပ်သွားတဲ့ အလုပ်တွေပေါ်မှာ ဂုဏ်ပြုတဲ့သဘောပါ။ ဒေါ်ဒေါ့်ကို နမူနာယူပြီး ပြည်သူ့ဘက်ကရပ်တည်ကာ နိုင်ငံကောင်းကျိုးတွေလုပ်ကြမယ်ဆိုရင် ဒေါ်ဒေါ် ဝမ်းသာနေမှာဖြစ်ပါတယ်လို့ပြောလိုပါတယ်။ အခုလို တကူးတက ကုန်ကျစာပေသမားအချင်းချင်း တွေ့ဆုံဖြစ်တဲ့အတွက် ဒါဟာ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင် မှန်အောင်ပစ်နိုင်လိုက်တဲ့ ပွဲလေးတစ်ခုလို့ပဲ တင်စားလိုက်ပါရစေ။ အခုအချိန်မှာ ရာသီဥတုကလည်း သာယာအေးချမ်းနေပြီဖြစ်တဲ့အတွက် အားလုံးရဲ့ရင်ထဲမှာလည်း အေးအေးချမ်းချမ်းနဲ့ နိုင်ငံအကျိုး၊ စာပေအကျိုးကို ပူးပေါင်းပြီး ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုပါရစေ။

**စာရေးဆရာမနီနီနိုင်(သထုံ)**

ကျွန်မက ရန်ကုန်ကနေ အမေရဲ့ မွေးနေ့ပွဲကို လာတက်တာပါ။ ၁၉၇၆ ခုနှစ်ကတည်းက အမေရဲ့အရိပ်ကို ခိုခဲ့ရပြီး အမေရဲ့စာတွေနဲ့ ကြီးပြင်းခဲ့တာပါ။ အမေရေးခဲ့တဲ့ စာတွေက အကုန်လုံးမှတ်သားစရာတွေ ကြီးပါပဲ။ ရန်ကုန်ကလာတဲ့ လမ်းတစ်လျှောက် ကားပေါ်မှာ အမေ့အတွက် အမှတ်တရ ကဗျာတွေစပ်ပြီး သီဆိုပေးကြပါတယ်။ အခုလိုအချိန်မှာ အမေဖြစ်ချင်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်နေပြီမို့ အမေဝမ်းသာနေမှာပါ။

**ဦးခင်မောင်ငြိမ်း(မြန်ဂုဏ်ဆောင်)ကောလင်း**

မန်းမှာမွေး၊ မန်းမှာနေ၊ မန်းမှာဆောင်ရွက်နိုင်ခွင့်များကို လိုက်လှဲကြည်နူးအထူးဝမ်းသာနေရပါပြီ။

**ဦးစိုးဝင်းမြင့် (စာပေချစ်သူ)**

နှစ်ပေါင်းများစွာ အိမ်နီးချင်းအဖြစ်သာမက နံနက်ခင်းလမ်းလျှောက်ဖော်အနေနဲ့ပါ နေခဲ့ရတဲ့အတွက် တရင်းတနှီး ဒေါ်ဒေါ်လို့ပဲ ခေါ်ခဲ့တာပါ။ နံနက်ခင်း လမ်းလျှောက်တဲ့အခါ လမ်းတစ်ဝက်မှာပြန်လှည့်တတ်လွန်းလို့ ဇွဲရှိရှိနဲ့ လျှောက်မှ ပန်းတိုင်ကိုရောက်မှာပေ့ါ၊ သူလျှောက်တဲ့အထိ ကြိုးစားပြီးလျှောက်စမ်းပါလို့ ပြောခဲ့တဲ့စကားတစ်ခွန်းကြောင့် နောက်ပိုင်းမှာ ဒေါ်ဒေါ်နဲ့အတူ မင်္ဂလာတံတားအထိလျှောက်ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် လမ်းလျှောက်ရင်း ဆုံးမခဲ့တဲ့ စကားတွေနဲ့ ဒေါ်ဒေါ်ရေးသားခဲ့တဲ့ အမေ့ရှေ့စကားစာပေတွေကြောင့် ကျွန်တော့်သမီးနှစ်ယောက်ကို မြန်မာအမျိုးသမီးပီသအောင် ထိန်းကျောင်းပေးနိုင်ခဲ့ပါတယ်။ ဒေါ်ဒေါ်ရဲ့မွေးနေ့တွေကို မလာဖြစ်ခဲ့တာကြာပေမယ့် အခုနှစ်(၁၀၀)ပြည့်မှာတော့ သတိတရနဲ့ ဒေါ်ဒေါ်ရဲ့ ကျေးဇူးတရားတွေကို ဂုဏ်ပြုရင်း အမှတ်တရစကားတွေကို ကြားနိုင်ပြောနိုင်ဖို့ ဒီပွဲလေးကို လာဖြစ်ခဲ့တာပါ။

**ဆရာညီပုလေး**

အမေရဲ့မွေးနေ့ကို အနယ်နယ်အရပ်ရပ်က တကူးတကလာရောက်ကြတဲ့ စာပေမိတ်ဆွေရောင်းရင်းတွေကို အထူးကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့မောင်နှမ ငါးဦးရှိပေမယ့် မိဘတွေရဲ့ မွေးနေ့ပွဲကို မောင်နှမတွေ စုံစုံညီညီနဲ့ လုပ်နိုင်ခွင့်မရခဲ့ပါဘူး။ ဒီနေ့မှာ အဝေးကိုရောက်နေတဲ့ ကျွန်တော့်ရဲ့ အစ်ကိုကိုတော့ ကျွန်တော်တို့ မောင်နှမတွေ အထူးတလည် သတိရနေကြပါတယ်။ ဝိုင်းဝန်းလုပ်ကိုင်ပေးကြတဲ့ နယ်ခံစာပေမိတ်ဆွေတွေနဲ့ ဆွေမျိုးသားချင်း အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**တင်မောင်(မန်းကိုယ်ပွား)**
**မင်းထက်အောင်(မန်းကိုယ်ပွား)**

## (၉၅)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ❖ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ❖ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ အမျိုးသားပညာရည်မြင့်မားရေး၊
- ❖ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၊

## လူထုဒေါ်အမာအတွက် ကဗျာကန်တော့ပန်း

☆ ပူဇော်ထိုက်သူ၊ ထိုထိုလူကို
ပူဇော်ခြင်းမှာ၊ မင်္ဂလာတည့်။
☆ မိခင်ပမာ၊ ဒေါ်အမာဟု
လူထုဘဝ၊ ဝိသေသပြု
အနုပညာရှင်၊ ကမ္ပည်းတင်သူ
လွန်လေသည်မှာ၊ ကြာခဲ့ပါလည်း
ခုခါမွေးနေ့၊ နှစ်တစ်ရာပြေ့(ပြည့်)ပြီ
မမေ့ထိုက်သူ ပုဂ္ဂိုလ်ကျော်။
☆ စာပေလောက၊ ဉာဏနတွင်
ရသစာမှု၊ ရေးသားပြု၍
ပြည်သူ့အကျိုး၊ ဆောင်သယ်ပိုးသည်
လူမျိုးသိက္ခာ၊ ဒေါ်အမာ။
☆ သတင်းစာတွင် သတင်းတင်၍
ခေတ်မြင်ကွင်းကို၊ အလင်းချိုရန်၊
ပိုခဲ့အရေး၊ တွေးခဲ့အကြောင်း
နိုင်ငံကောင်းရာ၊ ဒေါ်အမာ။
☆ သြော်...ဓလေ့စရိုက်၊ မမေ့ထိုက်၍
ဦးခိုက်၍သာ၊ လေးမြတ်စွာလျှင်
ကဗျာနှင့်သာ၊ ကန်တော့ပါသည်
စာနှင့်သတင်း၊ အလင်းနှင့်အလှ
မွှေးမြပန်းနှယ်၊ လန်းစေသား။ ။

**စိုးမြင့်သန်းမောင်(စာပေဗိမာန်)**

(စာရေးဆရာမကြီး၊ သတင်းစာဆရာမကြီး လူထုဒေါ်အမာ၏ မွေးနေ့ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်သို့ ဂုဏ်ပြုရေးဖွဲ့ပါသည်။)

## ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်။** ။စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့နည်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်။** ။ညအပူချိန်အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် အနည်းငယ်ပိုနိုင်သည်။

**မြူအခြေအနေ။** ။မြူအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ကိုးရက်မှ ၁၄ ရက်ခန့် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ။** ။ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

**ဆောင်းပါး**

# အမျိုးသားနိုင်ငံရေးအသိ ပြည်သူ့နီတိ

**မောင်ကျေးဇူး**

နိုင်ငံ့အရေးမှန်သမျှ ပြည်ရေးပြည်ရာဟူသမျှ နိုင်ငံရေးဖြစ်ပါသည်။ နိုင်ငံရေးတွင် ပြည်သူ့ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ လူ့ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်သီလ၊ လူမှုဆက်ဆံရေး၊ ပြည်တွင်း ပြည်ပဆက်ဆံရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖြစ်ထွန်းအောင် လေ့ကျင့်ပျိုးထောင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် အရာရာ အကျုံးဝင်သည်။

လောကီရေးရာအဖြာဖြာကို သင်ကြားသင်ယူလေ့လာကြရသဖြင့် ပညာရေးသည် နိုင်ငံရေးပင်ဖြစ်၏။ ရှောင်အပ်၊ ဆောင်အပ်မှုမှန်သမျှ သိဖို့လိုအပ်သဖြင့် ပညာရေးနှင့်မဆိုင်သည့်အရာမရှိသလို နိုင်ငံရေးနှင့် မဆိုင်သည့်အရာ မရှိပေ။

ဂရိပညာရှင်အရစ္စတိုတယ်က လူသည်နိုင်ငံရေးသတ္တဝါ (Man is political animal.)ဖြစ်သည်ဟုဆိုထားသဖြင့် နိုင်ငံရေးနှင့် ကင်းသောလူမရှိပေ။ လူအများစုက ကိုယ့်ကိုယ်ကိုယ် နိုင်ငံရေးနှင့်မကင်းမှန်းမသိကြ။ ကိုယ့်ထမင်းကိုယ်ရှာစား၊ ကိုယ့်စီးပွားကိုယ်ရှာ အနေသာကြီးဟု သဘောထားသူများရှိ၏။

လူသည် စဉ်းစားဆင်ခြင်တုံတရားရှိသော သတ္တဝါဖြစ်သည်။ (Man is national animal.) သို့မဟုတ် လူသည် လူမှုရေးသတ္တဝါဖြစ်သည် (Man is social animal.)ဟူသော အနောက်တိုင်းဒဿန အဆိုအမိန့်များ ရှိပါသည်။ မှန်လှပေ၏။

လူနှင့်တိရစ္ဆာန်ကွာခြားချက်မှာ လူတွင်စဉ်းစားတွေးခေါ်တတ်သည့် အသိဉာဏ်နှင့် ဆင်ခြင်တုံတရားရှိခြင်းဖြစ်၏။ အခြားတစ်ဖက်မှာလည်း လူသည် လူမှုရေးသတ္တဝါဖြစ်သည်ဆိုခြင်းလည်းမှန်၏။ လူသည်တစ်ဦးတည်း နေ၍မရ။ မိသားစု၊ ရပ်ရွာ၊ မြို့ပြ၊ တိုင်းပြည်၊ နိုင်ငံစသည်ဖြင့် စုဖွဲ့ပေါင်းစည်းနေထိုင်ကြရ၏။ အပြန်အလှန် မှီခိုကူညီရိုင်းပင်းကျေးဇူးပြုကြရသည်။ မိသားစုမှသည် တိုင်းပြည်၊ နိုင်ငံအထိ အဆင့်ဆင့်ဖွဲ့စည်းတည်ထောင်နေထိုင်ကြရုံနှင့် မပြီးသေး။ ဒေသတွင်း နိုင်ငံအချင်းချင်း (ဥပမာ-အာဆီယံ)၊ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအချင်းချင်း (ဥပမာ-ကုလသမဂ္ဂ)ကူးလူးဆက်ဆံ အကျိုးတူပူးပေါင်းဆောင်ရွက်ကြရပြန်သည်။ နိုင်ငံအချင်းချင်းဆက်ဆံရေး တစ်ဖက်စောင်းနင်းဖြစ်လာလျှင် စစ်ခင်းလေ့ရှိကြ၏။ ထိုအခါမျိုးတွင် (War is Continuation of politics.) စစ်ဆိုသည်မှာ နိုင်ငံရေး၏ ကွင်းဆက်ဖြစ်သည်ဟု သမိုင်းဆရာတို့မှတ်တမ်းတင်ကြ၏။ ဤသည်ပင်လျှင် နိုင်ငံရေးမည်၏။ ငြိမ်းချမ်းရေးတည်ဆောက်ရေး လူတိုင်းမှာတာဝန်ရှိသည်။ စစ်ဘေးကင်းဝေးထာဝရ ငြိမ်းချမ်းရေးရမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်အောင်မြင်မည်။ ဤသည်မှာ ပါတီစွဲကင်းသည့် အမျိုးသားနိုင်ငံရေးမည်၏။

မြန်မာပြည်၏ အမျိုးသားနိုင်ငံရေးအမြင် (National political outlook)ကိုဖွင့်ဆိုရလျှင် ကာလဒေသ (Time and space)ကိုအခြေခံရမည်။ ကာလသမိုင်းစဉ် ဒေသက ပထဝီဆိုင်ရာ နယ်မြေနယ်နိမိတ် ဖြစ်သည်။ သမိုင်းလေ့လာခြင်းသည် သင်ခန်းစာယူဖို့ဖြစ်ပါ၏။ သမိုင်းဖြစ်စဉ်ကာလကို ဖော်ထုတ်လျှင် နေရာဒေသ ပထဝီနှင့်တွဲနေသည်။

မြန်မာပြည်အလယ်ပိုင်း ပုံတောင်ပုံညာမှာ တွေ့ရသော လူတူပရိုင်းမိတ်ကို ခာတ်ခွဲစမ်းသပ်သုတေသနပြုရာ လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၄၀ သက်တမ်းရှိပြီဟု ကမ္ဘာ့ပညာရှင်တို့ဆုံးဖြတ် အသိအမှတ်ပြုခဲ့သောကြောင့် “လူသားအစ မြန်မာက”ဟု ဂုဏ်ယူဝင့်ကြွားနိုင်ပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ပျူခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ (ပျူမြို့တော်)သုံးနေရာကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များအဖြစ် UNESCO က အသိအမှတ်ပြုပြန်ရာ ဂုဏ်ယူကြရပြန်သည်။

တလုံးတစည်းတည်းသော ပထမမြန်မာနိုင်ငံတော် ပုဂံခေတ်ကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ နီးပါး၊ ဒုတိယမြန်မာနိုင်ငံတော်တောင်ငူခေတ်ကို လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ခန့်၊ တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်ခေတ်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၆၀ ကျော်က တည်ထောင်နိုင်ခဲ့သည်ကို မော်ကွန်းတင်ထားသလို ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် သက်ဦးဆံပိုင်ဘုရင်စနစ်ကိုဖက်တွယ် နည်းပညာခေတ်နောက်ကျန်ခဲ့သဖြင့် မင်းဆက်ပြုတ်ကာနယ်ချဲ့အင်္ဂလိပ်လက်အောက် ကျွန်သပေါက်ဖြစ်ခဲ့ရသည်ကို သမိုင်းသင်ခန်းစာယူရမည်။

အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပေါ်လာပြီးနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲ၊ ပင်လုံစာချုပ်ဖြင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်ဆောက်၊ လွတ်လပ်ရေးအရယူပေးသဖြင့် တလုံးတစည်းတည်းသော နိုင်ငံထူထောင်သူအနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းကောင်းမင်းမြတ်ရုပ်တုသုံးခုတွင် အမျိုးသားခေါင်းဆောင်လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုပါ ထပ်ပေါင်းစေချင်ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှာ ယိုးဒယား(ထိုင်း)နိုင်ငံဘန်ကောက်၌ ဂျပန်တပ်မတော်နှင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့်ရဲဘော်သုံးကျိပ်တို့တပ်ချရပ်နားချိန် ဘန်ကောက်ရောက်နေသော မြန်မာလူမျိုးများကိုစုစည်းပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ကို ဖွဲ့စည်းခဲ့စဉ် ဒေသဆိုင်ရာနိုင်ငံများအသင်းဖွဲ့စည်းသင့်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက စတင်အကြံပြုခဲ့၏။ ၁၉၆၇ ခုနှစ်က ဘန်ကောက်တွင် အာဆီယံငါးနိုင်ငံစတင်ဖွဲ့စည်းခဲ့ရာ မြန်မာမပါခဲ့ပေ။ နှစ် ၃၀ ကြာမှ ၁၉၉၇ ခုနှစ်တွင် မြန်မာ အာဆီယံအသင်းဝင်ခဲ့ရာ အာဆီယံအတွေ့အကြုံနှစ် ၃၀ နောက်ကျခဲ့ရသည်။

၁၉၆၁ ခုနှစ်က မြန်မာနိုင်ငံကိုမီဖို့ ၁၅ နှစ် အနှစ် ၂၀ ကြိုးပမ်းရဦးမည်ဟုဆိုခဲ့သော ထိုင်းနိုင်ငံ။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ရန်ကုန်မြို့တည်ဆောက်ပုံကိုအတုယူပြီးတည်ဆောက်ခဲ့သော သယံဇာတမရှိ၍ ရေပါနိုင်ငံခြားမှတင်သွင်းရသည့် တံငါရွာတစ်ဖြစ်လဲ စင်ကာပူနိုင်ငံတို့ကို ပြန်လည်ကျော်ဖြတ်ရဦးမည်။

ယခုအခါ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနေပြီဖြစ်ရာ ၈-၁၁-၂၀၁၅ နေ့ ရွေးကောက်ပွဲက ပြည်သူ့ဆန္ဒကိုဖော်ပြနေပါပြီ။ နိုင်သူကို မုဒိတာပွားခြင်းသည် ရင့်ကျက်သော ဒီမိုကရေစီစိတ်ထားပင်။

ပြည်သူကိုကိုယ်စားပြုသည့် အစိုးရသစ်သည် တိုင်းပြည်နှင့်ချီ၍ ဖြတ်သန်းခဲ့ရသောသမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ၍ နိုင်ငံ့တာဝန်ကိုတပ်မတော်နှင့် ညှိနှိုင်းတိုင်ပင် ဦးဆောင်ထမ်းရွက်ရပါလိမ့်မည်။အရေးအတွက်မပြည့်မီ၍အစိုးရမဖွဲ့နိုင်သော အခြားပါတီက အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တန်ဖိုးထားလေးစားရပါမည်။ စတုတ္ထမဏ္ဍိုင်မီဒီယာ၏ သီးခြားလွတ်လပ်ခွင့်ကိုလည်းမထိခိုက်စေရပါ။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင်-

“မင်းမပါ ဘယ်ဟာမပြီး၊ မင်းချည်းတော့လည်း ဘယ်ဟာမပြီး။

သူမပါ ဘယ်ဟာမပြီး၊ သူ့ချည်းတော့လည်း ဘယ်ဟာမပြီး။

ငါမပါ ဘယ်ဟာမပြီး၊ ငါ့ချည်းတော့လည်း ဘယ်ဟာမပြီး။

မင်း၊ သူ၊ ငါ လူတကာစုံမှ အလုံးစုံပြီး။”

ဟူသော အစဉ်အလာ၊ အမျိုးသားနိုင်ငံရေး ခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်ဖို့လိုသည်။

ပြည်သူလူထုအနေဖြင့် “ငါတို့က ဆန္ဒမဲပေးလိုက်ပြီးပြီပဲ၊ ကျန်တာအစိုးရဆက်လုပ်ပေါ့”ဟု ပွဲပြီးမီးသေ သဘောမထားသင့်ပေ။ နိုင်ငံသားတိုင်းမှာ မူလအခွင့်အရေးနှင့်တာဝန်များရှိပေသည်။ နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရစေဖို့ အစိုးရက တာဝန်ယူဖို့လိုသလို နိုင်ငံသားတိုင်းကလည်း ဥပဒေဘောင်အတွင်းက ကျရာတာဝန်ကို မိမိတို့ပင်ကိုအသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်ကြရမှာဖြစ်၏။ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့တာဝန်များလည်း အကျုံးဝင်သည်။

နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သောအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့သည် ကိုယ့်ကဏ္ဍနှင့်ကိုယ် ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိ၏။ မဏ္ဍိုင်တစ်ခုက တစ်ခုကို စွက်ဖက်လွှမ်းမိုးခွင့်မရှိပေ။

မည်သူ့လောင်းရိပ်မှမမိဘဲ သီးခြားလွတ်လပ်သော မီဒီယာသည် ပြည်သူ့အကျိုးအတွက် ပြည်သူ့ကိုယ်စား နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင် မဏ္ဍိုင်ကြီးသုံးရပ်ကို မတိမ်းစောင်းရအောင် ထိန်းကျောင်းပေးသည့်အနေဖြင့် အဂတိလေးပါးမလိုက်စားဘဲ မီဒီယာကျင့်ဝတ်နှင့်အညီ လမ်းမှန်ညွှန်ပြဖို့တာဝန်ရှိပေသည်။

ဤသည်ကိုပင် “အမျိုးသားနိုင်ငံရေးအသိ ပြည်သူ့နီတိ”ဟု ခေါ်ဆိုနိုင်ပေတကား။ ။

❑❑❑

**ပြည်သူကိုကိုယ်စားပြုသည့် အစိုးရသစ်သည် တိုင်းပြည်နှင့်ချီ၍ ဖြတ်သန်းခဲ့ရသော သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ၍ နိုင်ငံ့တာဝန်ကို တပ်မတော်နှင့် ညှိနှိုင်းတိုင်ပင် ဦးဆောင်ထမ်းရွက်ရပါလိမ့်မည်။**

**အရေအတွက်မပြည့်မီ၍ အစိုးရမဖွဲ့နိုင်သော အခြားပါတီက ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များကိုလည်း တန်ဖိုးထားလေးစားရပါမည်။**

**စတုတ္ထမဏ္ဍိုင်မီဒီယာ၏ သီးခြားလွတ်လပ်ခွင့်ကိုလည်းမထိခိုက်စေရ. . .**



# ညောင်ဦးတွင် ပလတ်စတစ်ကင်းစင်ရေး ပြည်ပခရီးသွားများပါ ပူးပေါင်းပါဝင်ကာ စုပေါင်းလုပ်အားပေးဆောင်ရွက်

**ညောင်ဦး နိုဝင်ဘာ ၂၉**

ညောင်ဦးခရိုင်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ၌ ပလတ်စတစ် အမှိုက်များကင်းစင်ရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် နိုဝင်ဘာ ၂၉ ရက် နံနက် ၆ နာရီမှစတင်၍ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်နှင့် ပုဂံဒေသ ပလတ်စတစ်အမှိုက်များကင်းစင်ရေး လှုပ်ရှားမှုအဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်အသင်းများ၊ ပညာရေးဘော်ဒါဆောင်များမှ ကျောင်းသား ကျောင်းသူများ၊ ညောင်ဦးနှင့် ပုဂံမြို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်းကာ မြို့နယ်အနှံ့အဖွဲ့များခွဲကာ ပလတ်စတစ်အမှိုက်များ ကောက်သိမ်းခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့များက ကောက်ယူရရှိသော ပလတ်စတစ်အမှိုက်များအား ကားများဖြင့် လိုက်လံသိမ်းဆည်းကာ ပုဂံမြို့ဟောင်း သရပါတံခါးအနီးကွင်းပြင်ရှိ ပလပ်စတစ်အမှိုက်များအား အစားထိုးအုတ်အဖြစ် ဖန်တီးပြုလုပ် ကုသိုလ်ယူလုပ်အားပေးနေသည့်အဖွဲ့ထံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းလုပ်အားပေးအဖွဲ့မှ သုညဒသမ ၆ လီတာ ရေသန့်ဘူး အတွင်းသို့ ပလတ်စတစ်အမှိုက်များအား ဖိသိပ်ထည့်၍ ပလတ်စတစ်အုတ်များအဖြစ် ဖန်တီးပြုလုပ်ကာ ညောင်ဦးမြို့နယ် နတ်ကြီးအိုင်ကျေးရွာတွင် တည်ဆောက်မည့် ကျောင်းစာကြည့်တိုက်တွင် အုတ်အစားထိုး အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်နေသည့်အဖွဲ့များနှင့်အတူ စိတ်ပါဝင်စားသည့် ပြည်ပနိုင်ငံ ခြားခရီးသွားဧည့်သည်အချို့ကလည်း ပူးပေါင်းပါဝင်ကာ ပလတ်စတစ်အမှိုက်များ ကောက်သိမ်းခြင်း၊ ပလတ်စတစ်အုတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

■

**ပြည်တွင်းရေးရာ**

# အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် ကျောင်းသားလူငယ်များ ယဉ်ကျေးမှုဖလှယ်ပွဲ တက်ရောက်ပြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၉**

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ်(၂၀၁၅) ယဉ်ကျေးမှုဖလှယ်ပွဲနှင့် ညစာစားပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက တက်ရောက်လာကြသည့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ်တွင် ပါဝင်သူများကို ညစာစားပွဲအကြို နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi Higuchi က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်သင်္ဘောအုပ်ချုပ်ရေးမှူးတို့ အပြန်အလှန် လက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက မလေးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ National Leader တစ်ဦးချင်းစီအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာအကများနှင့် အာဆီယံအထိမ်းအမှတ်တေးသီချင်းအကများဖြင့်လည်းကောင်း၊ သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကျောင်းသား ကျောင်းသူများက မိမိတို့နိုင်ငံအလိုက် ရိုးရာတေးသီချင်းအကများဖြင့် ယဉ်ကျေးမှုဖလှယ်ပွဲတွင် သီဆိုဖျော်ဖြေကြကာ ညစာကို အတူတကွသုံးဆောင်ကြသည်။

သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့် လူငယ်များသည် အုပ်စုအလိုက်ခွဲ၍ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်ရှစ်ခုသို့ သွားရောက်လေ့လာခဲ့ကြရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစကားပြောကြားကြသည်။

မြန်မာနိုင်ငံတွင် သုံးရက်တာ ရောက်ရှိနေသည့်



အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ လိုက်ပါလာသော သင်္ဘောခရီးစဉ်သင်္ဘောကြီးသည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြပြီး ကျောင်းသား ကျောင်းသူများက တေးသီချင်း၊ အကများဖြင့် ဖျော်ဖြေနှုတ်ဆက်ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)** **(ပညာရေး)**



# ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ နိုင်ငံတော်သို့ ဝင်ငွေခွန်ကျပ် ၂၁ဂ၉ ဒသမ ၃၅ သန်းပေးဆောင်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပထမ ပုဂ္ဂလိကဘဏ်လီမိတက်သည် အများပြည်သူ၏ ယုံကြည်မှုခိုင်မာလာခြင်းနှင့် ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်ခြင်းတို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်သို့ ဝင်ငွေခွန်ကျပ် ၂၁၈၉ ဒသမ ၃၅ သန်းပေးဆောင်ခဲ့ပြီး အစုရှင်များကို အမြတ်ငွေဝေစု ကျပ်သန်း ၄၄၁၀ ခွဲဝေပေးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း၌ပြုလုပ်သည့် ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ သိရသည်။

ယခုနှစ် မေ ၇ ရက်မှ စတင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ပထမပုဂ္ဂလိကဘဏ်လီမိတက်နှင့် FTP တို့ ပေါင်းစပ်၍ မိုဘိုင်းကျပ်(My kyat) အမည်ဖြင့် မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ မည်သည့်ဖုန်းအမျိုးအစားများတွင်မဆို မိုဘိုင်းစာရင်း ဖွင့်လှစ်နိုင်ပြီး ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေတောင်းခံခြင်း၊ ဘီလ်ပေးဆောင်ခြင်း၊ တယ်လီဖုန်းငွေဖြည့်ခြင်း၊ စာရင်းရှိငွေစစ်ဆေးခြင်း၊ လျှို့ဝှက်နံပါတ်ပြား ပြောင်းလဲခြင်းတို့အပြင် မိုဘိုင်းကျပ်(My kyat)နှင့် ချိတ်ဆက်ထားသည့် ဆိုင်များတွင် ဈေးဝယ်ယူခြင်း၊ စားသောက်ခြင်းနှင့် Internet Game များဝယ်ယူခြင်းကို Mobile Payment ဖြင့် ငွေပေးချေနိုင်ကြောင်း သိရသည်။

ထို့ပြင် ပထမပုဂ္ဂလိကဘဏ်သည် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်လုပ်ငန်းအတွက် ငွေကြေးအထောက်အပံ့ပေးနိုင်ရန် ပြည်ပဘဏ်များနှင့်ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း၌လည်း ဘဏ်ခွဲများဖွင့်လှစ်ထားရှိကာ လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း ချင်းပြည်နယ် တီးတိန်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုနှင့် ကချင်ပြည်နယ် မြစ်ကြီးနားတို့တွင် ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

အဆိုပါအစည်းအဝေးတွင် ပထမပုဂ္ဂလိက ဘဏ်လီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ဒါရိုက်တာများရွေးချယ်ခြင်း၊ ပြင်ပစာရင်းစစ်ခန့်ထားခြင်း၊ အစုရှင်များနှင့် စာရင်းစစ်ကော်မတီဝင်များရွေးချယ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းသိရသည်။ **(သီသီမင်း)**

# မြောက်ဥက္ကလာတွင် နေအိမ်ခုနစ်လုံး မီးလောင် မိန်းကလေးငယ်တစ်ဦး မီးလောင်သေဆုံး

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်တွင် ယနေ့နံနက် ၀၀ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်ခုနစ်လုံး မီးလောင်ကျွမ်းပြီး မိန်းကလေးငယ်တစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက် သပြေခြံ(ကျူးကျော်)ရှိ အိမ်ရှင် ဒေါ်သန်းသန်းဝင်း၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်နေအိမ်အတွင်းရှိ ရေစုပ်စက်မော်တာ ဆားဗစ်ကြိုး အပူလွန်ကဲရာမှ လျှပ်စစ်ဝါယာရှော့ခ်ဖြစ်၍ အနီးရှိ ထရံကို မီးစွဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

“မီးတောက်တွေ ထွက်လာတော့မှ ပတ်ဝန်းကျင်က သိတာ၊ မီးလောင်တာ အရမ်းမြန်တော့ အနီးဝန်းကျင် အိမ်တွေက ကလေးနဲ့အမျိုးသမီးတွေ ထွက်ပြေးကြတယ်။ အမျိုးသားတွေကတော့ မီးသတ်သမားတွေနဲ့ အတူ မီးငြိမ်းသတ်နေတာတွေ့ရတယ်”ဟု အဆိုပါမီးလောင်မှု အနီးရှိ ကိုမောင်ဝင်းက ပြောသည်။

မီးလောင်ရာသို့ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ တို့က မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှ လူနာတင်ယာဉ် နှစ်စီးတို့ဖြင့် ငြိမ်းသတ်ရာ နံနက် ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ် နေအိမ်ခုနစ်လုံးနှင့် တစ်ခြမ်းမီးလောင်ခဲ့သဖြင့် တန်ဖိုးငွေကျပ် ၁၀၂၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည့်အပြင် စတင်လောင်ကျွမ်းသည့် နေအိမ်တစ်အိမ်ကျော်တွင် နေထိုင်သော ဦးဝင်းမြိုင်၏ သမီး မကေသီချို (၉) နှစ်သည် ၎င်း၏အိမ်အတွင်း၌ မီးလောင်သေဆုံးခဲ့သည်။

“မီးလောင်တဲ့ သတင်းရတာနဲ့ မီးသတ်ကားစေလွှတ်မှုကို Level – 1 အဆင့် လွှတ်ခဲ့တယ်။ လမ်းတွေက မီးသတ်ကားဝင်ဖို့ အခက်အခဲရှိလို့ တစ်စီးလောက်ပဲ ဝင်လို့ရခဲ့တယ်။ ကားဝင်လို့ရတဲ့ တစ်လမ်းကျော်ကနေ ပိုက်တွေဆက်ပြီး ငြိမ်းသတ်ခဲ့ရတယ်။ တစ်အိမ်နဲ့တစ်အိမ် ကပ်နေတဲ့အပြင် ချောင်းနဲ့နီးတော့ လေတိုက်အားကောင်းပြီး မီးလောင်တာမြန်လို့တစ်အိမ်ကျော်က ကလေးတစ်ဦး မီးလောင်ပြီး အသက်ဆုံးရှုံးခဲ့ရတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါကပြောသည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ရှစ်စုမှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၃၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး သက်ဆိုင်ရာမှ အဆိုပါရပ်ကွက်အတွင်းရှိ ဗြဟ္မစိုရ်ဓမ္မာရုံတွင် ခေတ္တမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ယင်းမီးလောင်မှုကြောင့် ဒေါ်သန်းသန်းဝင်းအား မြောက်ဥက္ကလာပမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်ကြီး(ပဏိတ)**



# ရန်ကုန်အသင်း ကမ္ဘောဒီးယားကလပ်ကို အဝေးကွင်း၌ ရှုံးနိမ့်

**ဖနွမ်းပင် နိုဝင်ဘာ ၂၉**

၂၀၁၅ မဲခေါင်တိုယိုတာဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် အန်ကောအသင်းနှင့် ရန်ကုန်အသင်းတို့ ယနေ့ညနေပိုင်းက ဖနွမ်းပင်မြို့ရှိ National Olympic ကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းမှာ သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

နှစ်သင်းစလုံး ပွဲဦးထွက်ပွဲစဉ်တွင် အနိုင်ရထား၍ ယခုပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်သောကြောင့် အားထည့်ကစားခဲ့သော်လည်း အိမ်ရှင်ကမ္ဘောဒီးယားကလပ် အန်ကောအသင်းမှာ ဒုတိယပိုင်း၌ ပုံစံကောင်းပြသကာ နိုင်ပွဲရယူသွားခဲ့သည်။ ရန်ကုန်အသင်းမှာ ဒုတိယပိုင်းတွင် ကစားပုံပျက်သွားပြီး ဂိုးများ ဆက်တိုက်ပေးခဲ့ရသောကြောင့် သရေကျလျှင်ပင် ဆီမီးတက်နိုင်မည့် အခွင့်အရေးကောင်းကို လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# တောင်ပြို မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဟားခါးမြို့တွင် အိမ်ရာသစ်များ တည်ဆောက်လျက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပွင့်လင်းရာသီတွင် အပြီးဆောင်ရွက်မည်



ဟားခါးဒေသခံများအတွက် အသစ်ပြန်လည်တည်ဆောက်ထားသည့် အိမ်ရာများကို တွေ့ရစဉ်။



သဘာဝဘေးသင့် ဟားခါးဒေသခံများအတွက် တည်ဆောက်ထားသည့် လူနေအိမ်မျက်နှာစာဘက်ကို တွေ့ရစဉ်။



သဘာဝဘေးသင့် ဟားခါးဒေသခံများအတွက် တည်ဆောက်ထားသည့် လူနေအိမ်တစ်လုံးကို တွေ့ရစဉ်။



သဘာဝဘေးသင့် ဟားခါးဒေသခံများအတွက် တည်ဆောက်ထားသည့် လူနေအိမ်ကျောဘက်ကို တွေ့ရစဉ်။



## သဘာဝဘေးသင့် ဟားခါးမြို့တွင် နေအိမ်သစ် ၆၇ လုံး တည်ဆောက်ပြီးစီးပြီး ကျန်ရှိသည့် လူနေအိမ် ၄၀၀ ကျော်ကို ဆက်လက် အကောင်အထည်ဖော် တည်ဆောက်သွားမည်

သဘာဝဘေးသင့် ဟားခါးဒေသခံများအတွက် အတန်းလိုက် ညီညာစွာ တည်ဆောက်ထားသည့် လူနေအိမ်များကို တွေ့ရစဉ်။

# အင်းဝဒေသ ရှေးဟောင်းဘုရားဝိုင်းများအတွင်း နွားကျောင်းမှုမပြုခြင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှုဇုန်ဂုဏ်ကို ဝိုင်းဝန်းမြှင့်တင်သင့်



**အင်းဝ နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝအလှတရားများ၊ ရှုခင်းရှုကွက်များနှင့် စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းမင်းနေပြည်များ၊ ရှေးဟောင်းဇုန်များသည် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်နိုင်သည်။လက်ရှိကာလတွင် မီးခိုးမထွက်သည့် လုပ်ငန်းဟုတင်စားနိုင်သည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများကို ဖော်ဆောင်ပေးလျက်ရှိသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်သော နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် မန္တလေး၊ အမရပူရ၊ အင်းဝနှင့် စစ်ကိုင်းသို့ နေ့ချင်းသွားရောက်လေ့လာလေ့ရှိသည်။ အင်းဝဒေသသည် နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသောနေရာအဖြစ် ယနေ့တိုင်တည်ရှိပြီး လေ့လာစရာများစွာရှိသော ရှေးဟောင်းဇုန်တစ်ခုပင်ဖြစ်သည်။

အင်းဝမြို့သည် သက်တမ်း ၄၀၀ ကြာမြင့်သည့်အလျောက် မတူကွဲပြားထူးခြားသော ဗိသုကာလက်ရာမျိုးစုံ၊ အမွမ်းပန်းလက်ရာများစွာကိုလေ့လာနိုင်သည်။ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာရှိသော ဘုရားခုနစ်ဆူ၊ ကြေးခေါင်းလောင်းစာရှိသော ဘုရားသုံးဆူ အပါအဝင် ရှေးဟောင်းအဆောက်အအုံပေါင်း ၆၂၄ ခုရှိပြီး အများအားဖြင့် ယိုယွင်းပျက်စီးနေသည်ကို တွေ့ရသည်။

လေ့လာစရာများစွာရှိနေသော အင်းဝမြို့တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လေ့လာကြသည်။ ဘုရားဝိုင်းများအတွင်း သတိပေးဆိုင်းဘုတ်များရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လေးစားစွာဖြင့် ဖိနပ်ချွတ်ဝင်ကာ မှတ်တမ်းယူလေ့ရှိသည်။ စည်းကမ်းပြည့်ဝသော နိုင်ငံတကာခရီးသွားဧည့်သည်များအကြား စည်းကမ်းမဲ့သော ဒေသခံများက ရှေးဟောင်းဘုရားဝိုင်းများအတွင်း နွားချည် (ဒေသအခေါ် နွားလှန်ကာ ကျောင်းထားခြင်း) ထားသည့် မြင်ကွင်းများမှာ အကျည်းတန်နေလျက်ရှိသည်။

သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်ဘုရားများအတွင်း နွားလှန်ထားခြင်းဖြင့် နွားချေးများရှိသလို စည်းကမ်းမဲ့မှုကို ပြသသလိုဖြစ်နေပေသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားစွာလာရောက်သည့် အင်းဝဒေသ၏ ဂုဏ်ကိုဆောင်နိုင်ရေး ဒေသခံများ ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးရင်း ရှေးဟောင်းဘုရားဝိုင်းများအတွင်း နွားမကျောင်းသင့်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက သုံးသပ်ပြောပြသည်။ **(တိမ်တမန်)**

# ကမ္ဘာလှည့်ခရီးသွားများ သီပေါမြို့သို့ လာရောက်လေ့လာမှုအထူးများပြား



**သီပေါ နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး လှပထင်ရှားသော ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်နှင့်အညီ ရာသီဥတုမှာလည်း အေးချမ်းသာယာသည်နှင့်အမျှ နေ့စဉ်နိုင်ငံခြားသားခရီးသွားများ အဝင်၊ အထွက်များသောဒေသဖြစ်သည်။

နိုင်ငံခြားခရီးသွားဧည့်သည်များသည် သီပေါမြို့နယ်အတွင်းရှိ ကျေးလက်ဒေသအသီးသီးသို့ အုပ်စုလိုက်သွားရောက်လေ့လာကြပြီး သဘာဝအရင်းအမြစ်များနှင့် ဆောက်လုပ်နေထိုင်ကြသည့် တိုင်းရင်းသားရိုးရာနေအိမ်များ၊ ရေတံခွန်များ၊ ရေထွက်စမ်းများသို့ စိတ်ဝင်တစား လာရောက်လေ့လာကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် မြို့ကို အကွင်းအကွက်ကျစွာ တည်ဆောက်ထားသည့်အပြင် လှပသော တောင်တန်းများ ဝန်းရံထားခြင်း၊ ဒုဋ္ဌဝတီမြစ်ကြီး ရစ်ခွေစီးဆင်းနေခြင်းတို့ကြောင့် သဘာဝပန်းချီကားချပ်ကြီးတစ်ခုပမာ လှပနေသည်။ ဒုဋ္ဌဝတီမြစ်ရိုးအတိုင်း မြစ်ဆုံဒေသအထိ ရေယာဉ်များ စီးနင်းကာ စိမ်းစိုလှပသည့်သဘာဝတောတောင်အလှအပများကို ကြည့်ရှုခံစားရင်း ရှမ်းယဉ်ကျေးမှုအက အလှသဘာဝများနှင့် ရိုးရာအစားအစာများကို နှစ်ခြိုက်စွာ စားသုံးကြကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသားများမှာလည်း ရိုးသားဖြူစင် ကူညီရိုင်းပင်းစောင့်ရှောက်တတ်သော စေတနာ၊ မေတ္တာအလှတရားများကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုလာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

❐ စာမျက်နှာ ၈ မှ

၁၀။ သို့ပါ၍ မြေသိမ်းဆည်းခံရ၍ အမှန်တကယ် နစ်နာသူပြည်သူများအနေဖြင့် မိမိတို့ သိမ်းဆည်းခံခဲ့ရသည့် မြေများသည် ပြန်လည်စွန့်လွှတ်သော မြေများတွင်ပါဝင်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများတွင်စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင်ပါဝင်ပါက သက်ဆိုင်ရာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများထံမှ မြေပိုင်ဆိုင်ခွင့်အထောက်အထားများနှင့် တကွ ခိုင်ခိုင်မာမာ လွှဲပြောင်းရယူကြရန်ဖြစ်ပါသည်။

၁၁။ မြေကိစ္စရပ်များဖြေရှင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဘဝင်မကျမှုများရှိ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ ပေးပို့ခဲ့သော အကြံပြုချက်များကိုလည်း အလေးထားဖြေရှင်းဆောင်ရွက်ပေးခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

၁၂။ ထို့အပြင် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် စိစစ်ဖြေရှင်းရန်ကျန်ရှိသော မြေကိစ္စများနှင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ထပ်မံပေးပို့လာသည့်မြေကိစ္စများကိုစိစစ်၍ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူလူထုထံသို့ ရှင်းလင်းတင်ပြနိုင်ရေး အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်စိစစ်ရရှိလာသော စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ**

# မြိတ်မြို့တွင် မီးလောင်မှုဖြစ်ပွား

**မြိတ် နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက် ဗဟိုလမ်းရှိ ဦးကျောက်စိန် ပိုင်ဆိုင်သော ပေ (၇၀×၁၀၀)ခြောက်ထပ် အဆောက်အအုံရှိ ပစ္စည်းဂိုဒေါင် (စတိုခန်း) တွင် နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီ ၇ မိနစ်က အီကြာကွေးမီးချောင်းကွဲပြီး ခြေသုတ်ဝတ်ပေါ်သို့ကျကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းဦးစီးလျက် မြို့နယ်မီးသတ်စခန်းနှင့် အရန်မီးသတ်စခန်းများမှ မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ် ၁၅ စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်နေပြည်သူများမှ ငြိမ်းသတ်ခဲ့ကြရာ နံနက် ၄ နာရီ ၂၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးစတင်လောင်ကျွမ်းချိန်တွင် မီးသတ်ဆေးဘူးများဖြင့် ကနဦးမီးငြိမ်းသတ်ခဲ့ကြောင်း



တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ မြိတ်မြို့နယ်ရဲတပ်ဖွဲ့စခန်းက ပ/၅၉၅/ ၂၀၁၅၊ ပြစ်မှုပုဒ်မ (၂၈၅) ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

ဝဝဝ

# အမဲသားအလွန်အကျွံစားသုံးသူများ လေဖြတ်ရောဂါပို၍ခံစားရဖွယ်ရှိ

ဒေါက်တာသာစိန်

အမဲသားအလွန်အကျွံစားသူများမှာ လေဖြတ်ရောဂါပို၍ခံစားရဖွယ်ရှိကြောင်း ဂျာမနီနိုင်ငံ Wurzburg တက္ကသိုလ်၏ နှလုံးရောဂါဆိုင်ရာဌာနက ပြုလုပ်သော လေ့လာဆန်းစစ်မှုတစ်ရပ်အရ သိရသည်။ မကြာသေးမီက ပြုလုပ်သော ယင်းလေ့လာဆန်းစစ်မှုတွင် လေဖြတ်ရောဂါဖြစ်ပွားစေသည့် ဆီးချိုရောဂါ သို့မဟုတ် နှလုံးရောဂါအခံမရှိသော သက်လတ်ပိုင်းအရွယ် လူ ၁၁၀၀၀ ခန့်ကို ၂၃ နှစ်ကြာ စောင့်ကြည့်လေ့လာခဲ့ကြကြောင်း၊ လေ့လာစောင့်ကြည့်ခံရသူများထဲမှ အမဲသား အလွန်အကျွံစားသူများမှာ အမဲသားအနည်းငယ်စားသုံးသူများထက် လေဖြတ်နိုင်ခြေ ၄၇ ရာခိုင်နှုန်း ပိုမိုမြင့်မားသည်ကို တွေ့ရှိရကြောင်း Wurzburg တက္ကသိုလ်မှ သုတေသီဒေါက်တာဘန်းဟတ်ဟာရင်က ပြောကြားသည်။

ယခင်ကပြုလုပ်သော လေ့လာဆန်းစစ်မှုများတွင် ပရိုတင်းပါဝင်မှုနှုန်းမြင့်မားသော အစားအစာများသည် လေဖြတ်ရောဂါကိုဖြစ်ပွားစေနိုင်သည့် အထောက်အထားများတွေ့ရှိခဲ့ကြသော်လည်း ယခုလေ့လာဆန်းစစ်မှုတွင် အမဲသားများက လေဖြတ်ရောဂါကို ပို၍ဖြစ်ပွားစေသည့် ခိုင်မာသောအထောက်အထားများ တွေ့ရှိခဲ့ကြောင်း၊ ထို့အတူ ဝက်ဆားနယ်ခြောက်၊ ဝက်အူချောင်းနှင့် အမဲသားခြောက် အလွန်အကျွံစားသုံးသူများမှာလည်း လေဖြတ်ခံရနိုင်ခြေ ၂၄ ရာခိုင်နှုန်းမြင့်မားကြောင်းနှင့် အမျိုးသားများကို သီးသန့်လေ့လာဆန်းစစ်ရာ၌ အမဲသားအလွန်အကျွံစားသုံးသော အမျိုးသားများမှာ အမဲသားအနည်းငယ်သာစားသုံးသောအမျိုးသားများထက် လေဖြတ်နိုင်ခြေ ၆၂ ရာခိုင်နှုန်း ပိုမိုမြင့်မားသည်ကို တွေ့ရှိရကြောင်း ဆိုသည်။

ထို့အပြင် ယင်းလေ့လာတွေ့ရှိချက်အရ ကြက်ဥအလွန်အကျွံစားသုံးသူများမှာလည်း ဦးနှောက်သွေးကြောပေါက်ခြင်းကြောင့်ဖြစ်သော လေဖြတ်ခြင်းအမျိုးအစားဖြစ်နိုင်ခြေ ပိုမိုမြင့်မားသည်ကို တွေ့ရှိရကြောင်း၊ သို့သော်လည်း အမဲသားအလွန်အကျွံစားသုံးသူများသာလျှင် လေဖြတ်ရောဂါပို၍ဖြစ်ပွားသည်ကို တွေ့ရကြောင်း ဆိုသည်။

**ရိုက်တာ။**



# ဥယျာဉ်မြို့တော်များအတွက် တွင်ကျယ်လာသည့် စဉ့်ထည်၊ မြေထည်များ

**မြင်းမူ နိုဝင်ဘာ ၂၉**

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်ပိုင်းဆိုင်ရာများအဆင့်မြှင့်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးပါသည်။

ထို့ကြောင့် နိုင်ငံအတွင်းရှိ မြို့တော်ကြီးများ သန့်ရှင်းသာယာလှပရေးနှင့် ဥယျာဉ်မြို့တော်များတည်ဆောက်ရေးသည် အဓိကကျသော လုပ်ငန်းတစ်ရပ်အဖြစ် ပါဝင်နေပါသည်။ ဤလုပ်ငန်းတွင်မရှိမဖြစ်လိုအပ်သောပစ္စည်းများမှာ သစ်ပင်၊ ပန်းမန်များနှင့် အရိပ်ရသစ်ပင်များဖြစ်ပါသည်။ ဥယျာဉ်မြို့တော်များသည် မြို့နေပြည်သူပြည်သားများနှင့် ခရီးသွားလုပ်သားပြည်သူတို့၏ စိတ်နှလုံးကို ပျော်ရွှင်စေပြီး ကျန်းမာရေးကို အထောက်အကူပြုပါသည်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပေးပါသည်။

ယခုအခါတွင် ဥယျာဉ်မြို့တော်များ တည်ဆောက်ရေးတွင်လည်းကောင်း၊ အိမ်နှင့်ပတ်ဝန်းကျင်အလှဆင်ရန်အတွက်လည်းကောင်း၊ လူသုံးပစ္စည်းများအဖြစ်လည်းကောင်း ပြည်တွင်းဖြစ် စဉ့်ထည်၊ မြေထည်နှင့် ပလာစတာ ပစ္စည်းများသည် အဆင့်အတန်းမြင့်မြင့်ဖြင့် ထွက်ပေါ်လျက်ရှိသည်။

မြင်းမူမြို့နယ်ရှိ အလ္လကပ္ပနှင့် မြစ်ပေါက်ကျေးရွာတို့မှ မြေထည်ပစ္စည်းများသည်လည်း နိုင်ငံအနှံ့ ဘုရားပွဲတော်ဈေးများတွင် တွင်ကျယ်လျက်ရှိသည်။ အထက်မြန်မာနိုင်ငံအနေဖြင့် ရွှေဘိုမြို့နယ် ကျောက်မြောင်း နွယ်ငြိမ်းဒေသရှိ စဉ့်ထည်၊ မြေထည်နှင့် ပလာစတာပစ္စည်းများသည် ဥယျာဉ်မြို့တော်အတွက်သာမက နိုင်ငံခြားသားများ စိတ်ဝင်စားသော ပြည်တွင်းကုန်ထုတ်လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ **(၆၂၄)**

# ပုဂံ-ညောင်ဦးရှိ တန့်ကြည်တောင်ဘုရားသွား ဧရာဝတီမြစ်ကူးစက်လှေများ ငှားရမ်းသူနည်းပါး

**ညောင်ဦး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သော ပုဂံသို့လာရောက်ဘုရားဖူးလေ့လာသူများမှာ မိုးရာသီကာလတွင် လာရောက်သူနည်းပါးသော်လည်း ယခုလိုပွင့်လင်းရာသီတွင် ခရီးသွားနိုင်ငံခြားသားများသာမက မြန်မာပြည်ရှိပြည်သူများကလည်း နေ့စဉ်လိုလိုလာရောက်နေသဖြင့် အဆိုပါဒေသအတွင်းလုပ်ကိုင်ကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိုတယ်၊ မိုတယ်အစရှိသော လုပ်ငန်းရှင်များ အဆင်ပြေကြသော်လည်း ဧရာဝတီမြစ်ကိုအားကိုးပြီး စီးပွားရှာနေသော စက်လှေမောင်းသူများ ငှားရမ်းသူနည်းပါးသဖြင့် အဆင်မပြေကြောင်းသိရသည်။

ဘုရားဖူးဧည့်သည်များအနေဖြင့် ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းဘုရားပုထိုး၊ စေတီအစရှိသော ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာကြသည့်အခါ ယာဉ်အမျိုးမျိုးနှင့်သော်လည်းကောင်း၊ မြင်းလှည်းနှင့်သော်လည်းကောင်း၊ ဘုရားဖူးလေ့လာ၍ရသဖြင့် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည်တောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုရန် ဧရာဝတီမြစ်တွင်းသွား စက်လှေများကို မဖြစ်မနေငှားရမ်းကြရကြောင်း သိရသည်။

“အခုနှစ်ကုန်ပိုင်းမှာ ခရီးသွားဘုရားဖူးဧည့်သည်အဝင်နည်းလို့လားမသိဘူး။ စက်လှေငှားစီးသူ နည်းပါးပါတယ်။ ကျွန်တော်တို့ စက်လှေသမားအများစုဟာ မိုးရာသီကာလ ဆိုရင် တံငါးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါတယ်။ ပွင့်လင်းရာသီရောက်ရင် စက်လှေမောင်းတဲ့ အလုပ်ကိုလုပ်ကိုင်ကြပါတယ်။ တန့်ကြည်တောင်ဘုရားဖူး သွားရောက်မယ့် ခရီးသွားဧည့်သည်တွေအနေနဲ့ စင်းလုံးငှားမယ်ဆိုရင် ငွေကျပ် ၁၈၀၀၀ ပေးရမှာဖြစ်သလို တစ်ဦးချင်းဆိုရင် ငွေကျပ် ၁၅၀၀၊ ၂၀၀၀ လောက်ပေးရမှာပါ။

“တန့်ကြည်တောင် ဘုရားဖူးဧည့်သည်တွေအနေနဲ့အသွားအပြန် သုံးနာရီကြာမှာဖြစ်သလို ဧရာဝတီမြစ်အတွင်း ရှုခင်းအလှများကို ခံစားကြည့်ရှုလို့လည်းရပါတယ်။

ဒီစက်လှေဂိတ်မှာ အစင်း ၁၅၀ လောက်ရှိပါတယ်။ ဒီလတော့ စက်လှေမောင်းသူတွေအတွက် အဆင်မပြေပါဘူး”ဟု ပုဂံ-ညောင်ဦးဒေသရှိ ဗူးဘုရားအနီးရှိ ဧရာဝတီမြစ်ကမ်းခြေတွင် ဂိတ်ထိုးမောင်းနှင်နေသော စက်လှေမောင်းသူတစ်ဦးက ဆိုသည်။

**ကျော်ကျော်(မလှိုင်)**

# ကျွန်းလှမြို့နယ် ရှမ်းစု-မကျီးအင်းကျေးရွာချင်းဆက် တံတား တည်ဆောက်ပြီးစီး

**ကျွန်းလှ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင်၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရှမ်းစု-မကျီးအင်းကျေးရွာချင်းဆက် တံတားတည်ဆောက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို ခွင့်ပြုရန်ပုံငွေကျပ် ၁၅၈၁၀၀၀ ဖြင့် အရှည်ပေ ၂၀၊ အနံ ၇ ဒသမ ၆ ပေ၊ အမြင့် ၆ ပေ ကွန်ကရစ်တံတားအဖြစ် ရှမ်းစုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီက ဦးဆောင်ပြီး ပြည်သူများပူးပေါင်း၍ တည်ဆောက်ခဲ့ရာ ငွေကျပ် ၁၇ သိန်းကုန်ကျကြောင်း သိရသည်။

“ကျွန်တော်တို့ ကျေးရွာတောင်သူတွေရဲ့ လယ်ယာမြေတွေဟာ ရွာအနောက်ဘက်မှာရှိတဲ့အတွက် နေ့စဉ်သွားလာနေကြရပြီး ယခင်က တံတားပျက်စီးနေတဲ့အတွက် သွားလာရေးခက်ခဲခဲ့ပါတယ်။ အခုတော့ ကွန်ကရစ်တံတားတည်ဆောက်လိုက်တော့ ကျောင်းသားကျောင်းသူတွေ၊ ဈေးသည်တွေ သွားလာရေးလွယ်ကူပြီး တောင်သူတွေအနေနဲ့လည်း ကုန်ထုတ်လုပ်မှု အဆင်ပြေမှာ ဖြစ်ပါတယ်”ဟု တောင်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

❐

○ **ကျောဖုံးမှ**

“ကျွန်တော့်လယ်က ကျောက်ကျင်းနဲ့နီးတယ်။ ကျောက်ကျင်းက မိုင်းခွဲရင် ကျောက်စတွေ ကျွန်တော့်တဲပေါ်ကို ကျပါတယ်။ မိုင်းခွဲမှုတွေကြောင့် စပါးအထွက်နှုန်းတွေလည်း တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာပါတယ်။ ကျွန်းတော၊ အင်တောတွေမှာ မြေစာပစ်တဲ့အတွက်ကြောင့် သဘာဝသစ်တောတွေ ပျက်စီးလာပြီး အဆိုပါမြေစာများ မိုးရာသီတွင် အရည်ပျော်ကျကာ လယ်ယာမြေထဲသို့ စီးဝင်လျက်ရှိပြီး လယ်ယာမြေများ ပျက်စီးစပြုနေပြီဖြစ်ပါတယ်”ဟု တောင်သူဦးကျန်ရစ်က ပြောပြသည်။ “ကျွန်တော်တို့ရွာနဲ့ ကျောက်ကျင်းနဲ့ တစ်မိုင်ခွဲပဲ ဝေးတယ်။ ကျောက်ကျင်းက မိုင်းခွဲတာ ရွာကအတိုင်းကြီး ကြားရတယ်။ တောင်ဖီလာစဉ့်ခိုးရွာတွေနဲ့လည်း တစ်မိုင်ခွဲလောက်စီပဲဝေးပါတယ်။ ကျွန်တော်တို့ရွာက အိမ်ခြေ ၃၁၅ အိမ်ရှိပါတယ်။ ဒေသခံတွေက လယ်ယာနဲ့တစ်ပိုင်တစ်နိုင် ကျောက်တူးဖော်ခြင်းလုပ်ငန်းတွေ လုပ်ကိုင်ကြပါတယ်။ ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာ ကုမ္ပဏီတွေဝင်လာတော့ တစ်ပိုင်တစ်နိုင် ကျောက်တူးသူတွေနေရာပျောက်လာကြပြီး ကုမ္ပဏီလုပ်ကွက်အတွင်း ကျရောက်သွားတဲ့ တစ်ပိုင်တစ်နိုင် ကျောက်တူးဖော်နေသူတွေမှာလည်း နစ်နာကြေးတွေ မရရှိပါဘူး”ဟု သူရောင်းကျေးရွာနေ ကိုချစ်ဝင်းက ပြောသည်။

ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတစ်ခုက သူရောင်းမှော်မှာ လုပ်ကွက်အမှတ် (၃၆၊ ၃၇) ဆိုပြီး နှစ်ကေရရှိထားကြောင်း၊ လုပ်ကွက်သက်တမ်းက ၂၀၁၅မှ ၂၀၁၈ အထိ ကျောက်စိမ်းရိုင်းများ တူးဖော်သွားမှာဖြစ်ကြောင်း၊ လက်ရှိအနက်ပေ ၁၀၀ အထိ တူးဖော်ထားပြီးဖြစ်ပြီးဘက်ဟိုး ငါးစီး၊ မြေသယ်ယာဉ် ခြောက်စီး၊ လုပ်သား ၈၀ ခန့်တို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ စွန့်ပစ်မြေစာများကိုလည်း ပလပ်မြေများတွင် စွန့်ပစ်ခြင်းဖြစ်ကြောင်း၊ ကျေးရွာအကျိုးပြုလုပ်ငန်းများအနေဖြင့် သူရောင်း-နန့်ရုံ-ခိုးခေါင် ကျေးရွာချင်းဆက်လမ်းများအား မြေသားလမ်းများအဖြစ် ပြုပြင်ဆောင်ရွက်ပေးထားကြောင်း ကုမ္ပဏီယာယီတာဝန်ခံ ဦးအောင်ဆန်းဦးက ပြောသည်။

အဆိုပါ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီက စွန့်ပစ်မြေစာများမှာ လယ်ယာမြေများနှင့် နီးကပ်ပြီး မိုးတွင်းကာလတွင် မြေစာများ အရည်ပျော်ကျကာ လယ်မြေများအတွင်းစီးဝင် အနည်ထိုင်ခြင်း၊ သစ်တောများအတွင်း စွန့်ပစ်ခြင်းကြောင့် သစ်တောပြုန်းတီးကာ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။ **(မောင်ချစ်လင်း)**

❐ **အိန္ဒိယမှ**

အမိန့်ကြော်ငြာစာအမှတ် FEMA. 347/2015 မှ 2015 ကြော်ငြာချက်တို့ကိုလည်း ပြင်ဆင်လိုက်ကြောင်း အဆိုပါထုတ်ပြန်ချက်မှသိရသည်။

အိန္ဒိယနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့သည် နယ်စပ်ကုန်သွယ်ရေးသဘောတူညီချက်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး အကျိုးဆက်အားဖြင့် မိုရေးမြို့(မဏိပူရပြည်နယ်)နှင့် ဇောင်းကထာမြို့(မီဇိုရမ်ပြည်နယ်)တို့တွင် အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေး/ကုန်းတွင်း အကောက်ခွန်စခန်း (LCS)တို့ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သီသီမင်း၊ ကြည်ခိုင်)**

# တာချီလိတ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တာချီလိတ် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတား၊ ရေရရှိရေး၊ ဆိုလာစနစ်ဖြင့် မီးရရှိရေး၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပေးခြင်းနှင့် ကျေးလက်အိမ်သာဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကျေးရွာ ၂၂ ရွာအား ဆက်သွယ်သွားလာနိုင်သည့် ဆီလီငေါ့-မောတွီလမ်း ခွင့်ပြုရန်ပုံငွေကျပ် ၃၈၀ ဒသမ ၈သန်းဖြင့် ကျောက်ခင်းလမ်း ငါးမိုင်နှင့် ငွေကျပ် ၁၉၁ ဒသမ ၈ သန်းဖြင့် မြေသားလမ်း ၁၀ မိုင် ဆောင်ရွက်ခြင်းလုပ်ငန်း၊ ငွေကျပ် ၄၈သန်းဖြင့် ပေ ၆၀×၁၄ ပေနှင့် ပေ ၂၀×၁၄ ပေ သစ်သားတံတားနှစ်စင်း ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ငွေကျပ်နှစ်သန်းဖြင့် Box culvert ငါးပေ ဆောင်ရွက်ခြင်းလုပ်ငန်း၊ ပါတောင်း(ပလောင်)ကျေးရွာ၊ ဟွေယုန်းကျေးရွာ၊ ပါခုန်ကျေးရွာ၊ လွယ်တော်ခမ်းပါသားကျေးရွာနှင့် တာလေမြို့ ပါဟုတ်စံပြကျေးရွာများတွင် ငွေကျပ် ၇၃ ဒသမ ၂၅ သန်းဖြင့် ကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ ဝမ်ကော့ကျေးရွာနှင့် ပါတောင်းကျေးရွာတို့တွင် ငွေကျပ် ၁၁ သန်းဖြင့် ကျေးလက်အိမ်သာတည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ပြီးစီးရေး နိုဝင်ဘာ ၂၈ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **ဝေယံလင်း(ပြန်/ဆက်)**



## ရုပ်မြင်သံကြားအစီအစဉ်များ
[၃၀ - ၁၁ - ၂၀၁၅ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား New Channel

| | |
|---|---|
| ၆း၀၀ | တောင်းတန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | ကြည်ညိုမကုန်အံ့ဖွယ်စုံလေးဆူ ဓာတ်ပုံရွှေတိဂုံ |
| ၇း၀၀ | နံနက်ခင်းသတင်း၊ မိုးလေဝသ အခြေအနေ |
| ၇း၃၀ | Head Line NEWS |
| ၇း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း |
| ၁၀း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၁၅ | ဝင်ငွေတိုးပွားမင်္ဂလာစီးပွား |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၃၅) |
| ၁း၅၀ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၂း၃၅ | "ရှင်သန်ခြင်း" |
| ၉း၀၀ | နှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ် "စာပေဗိမာန်စာပေဟောပြောပွဲ" ကလေးစာပေ(အပိုင်း-၃) |

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၃) |
| ၆း၂၀ | ပြည်သူ့နီတိ "အိမ်နီးချင်း" |
| ၆း၄၀ | တေးဂီတအစီအစဉ် |
| ၆း၅၀ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၇) |
| ၈း၃၅ | ငယ်မူဟန်ပန်သူ့ဆိုဟန် (သုမောင်) |
| ၈း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အနက်ရောင်ဇာတ်သိမ်း" (ပထမပိုင်း) (ဟိန်းဝေယံ၊ သက်မွန်မြင့်) (ဒါရိုက်တာ-ဥက္ကာဗို) |
| ၉း၄၅ | "လှပသောတမန်တော်" (တရုတ်မသန်စွမ်းအနုပညာရှင် အဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်) |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အက်ဆစ်ချို" (အောင်ရဲလင်း၊ မိုးဟေကို) (ဒါရိုက်တာ-ဝိုင်း) |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၄၀ | "ပယ်ရာဆန္ဒကျင့်သုံးကြ" တရားတော် [ဝနဝါသီ အရှင်ဝါယာမိန္ဒ (မြောက်ဦးဆရာတော်)] |
| ၁၁း၀၀ | သွားမယ်စားမယ် (Kain Kyin Fusion) |
| ၁၁း၃၀ | Forever Music Tribute Raggae (အပိုင်း-၃) (ပထမပိုင်း) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄) |
| ၂း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၅) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၆) |
| ၄း၀၀ | Cartoon Series (English Playgoround) |
| ၄း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၇) |
| ၇း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၆) |
| ၈း၂၀ | Drive It |
| ၇း၄၅ | Myanmar's Got Talent (LIVE) |
| ၈း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၅၁) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၅) |
| ၁၀း၀၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၃၀ | MRTV-4 Stage |
| ၁၀း၅၅ | World Of Kwonledge (Seconds From Disaster: Pertagon) |
| ၁၁း၄၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ထားဝယ်မြို့ရှိ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ) |
| ၃း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၆) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ခမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၀၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၇၆) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၄၀) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝသစ်ရဲ့အလင်းရောင် (အပိုင်း-၆) |

# နာမည်ကျော်ဖို့က အရေးမကြီးပါဘူးလို့ဆိုတဲ့ 9MUSES




တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "9MUSES "ဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာ သူတို့အတွက် နာမည်ကျော်ဖို့ အရေးမကြီးကြောင်းနဲ့ ဂီတပညာရှင်တွေအတွက် အောင်မြင်မှုထက်အရေးကြီးတဲ့အရာများရှိကြောင်း ပြောကြားခဲ့သည်ကို စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အဆိုပါ အမျိုးသမီးတေးဂီတအဖွဲ့က သူတို့အတွက် အောင်မြင်ကျော်ကြားသည့် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်နေခြင်းထက် တိုးတက်သည်ထက်တိုးတက်ရန် အမြဲကြိုးစားနေသူများဖြစ်ရန်သာ အရေးကြီးကြောင်း ပြောကြားခဲ့သည်။

9MUSES က "ကျွန်မတို့အနေနဲ့ အခြားသောတေးဂီတအဖွဲ့တွေရဲ့ နောက်မှာရှိနေတယ်လို့ မယူဆပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့ရဲ့ခြေလှမ်းတွေဘယ်တော့မှနောက်ပြန်မသွားခဲ့ဘူးလေ။ အမြဲကောင်းသည်ထက် ကောင်းအောင်ကြိုးစားရှေ့ဆက်နေပါတယ်။ ဂီတပိုင်းဆိုင်ရာမှာရော၊ ဖျော်ဖြေတင်ဆက်မှုပိုင်းဆိုင်ရာမှာရောပါပဲ။ ကျွန်မတို့ လတ်တလောမှာ ထိပ်ဆုံးဆိုတဲ့နေရာကို မရောက်နိုင်သေးပေမယ့်လည်း ပရိသတ်အများရဲ့ အသိအမှတ်ပြုခံရတဲ့ အဆိုတော်တွေဖြစ်ခွင့်ရခဲ့ခြင်းကိုပဲ ကျေနပ်နေမိပါတယ်။ ကျွန်မတို့အတွက် အနာဂတ်ရှိတယ်။ ကိုယ့်ကိုယ်ကိုယ်အားကိုး စိတ်လည်း အပြည့်ရှိနေပါတယ်"ဟု အဆိုပါအင်တာဗျူးတွင် ရှင်းပြခဲ့သည်။

ပြီးခဲ့သည့်နိုဝင်ဘာ ၂၄ ရက်က 9MUSES ၏ မီနီတေးအယ်လ်ဘမ်သစ် "Lost"ကို စတင်ဖြန့်ချိခဲ့ပြီး မကြာသေးမီက သူတို့၏တေးသီချင်းသစ် "Sleepless Night"ကိုလည်း ထုတ်လွှင့်ခဲ့သည်။ ယင်းတေးသီချင်းသည် ယခုနှစ်အတွင်း ထုတ်လွှင့်ခဲ့သည့် 9MUSES ၏ တတိယမြောက်တေးသီချင်းဖြစ်သည်။

**အေးပြည့် - ရေးသားသည်။**

# ဆစ်ဒနီမှာ ဖျော်ဖြေခဲ့တဲ့တေလာဆွစ်



အမေရိကန်ပေါ့ပ် အဆိုတော်တေလာဆွစ်ဟာ နိုဝင်ဘာ ၂၉ ရက် ညပိုင်း (ဩစတြေးလျဒေသစံတော်ချိန်)က စစ်ဒနီမြို့ရှိ ANZ ဘောလုံးကွင်းမှာ သူ့ရဲ့"1989"တေးစီးရီးအတွက် နယ်လှည့်ဖျော်ဖြေပွဲကို ပြုလုပ်ခဲ့ရာ ပရိသတ် ခုနစ်သောင်းခြောက်ထောင်ခန့် လာရောက်အားပေးခဲ့ကြောင်း နယူးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါ ဖျော်ဖြေပွဲမှာ ပရိသတ်ရှစ်သောင်းနီးပါးလာရောက်ကြည့်ရှုခဲ့ခြင်းအပေါ် တေလာဆွစ်ကိုယ်တိုင်ကပင် အံ့ဩဝမ်းသာဖြစ်ခဲ့ရပြီး ဖျော်ဖြေပွဲပြုလုပ်နေစဉ်အတွင်း တေလာက ဩစတြေးလျပရိသတ်များ တစ်ခဲနက်လာရောက်အားပေးခဲ့သော ယခုဖျော်ဖြေပွဲသည် သူ၏ဂီတသက်တမ်းတစ်လျှောက်တွေ့ကြုံခဲ့ရသော ဖျော်ဖြေပွဲများအနက် ပရိသတ်အများဆုံးသော ဖျော်ဖြေပွဲများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း မှတ်မှတ်ရရပြောကြားခဲ့ပါတယ်။

အဆိုပါဖျော်ဖြေပွဲမှာ တေလာဆွစ်က သူ့ရဲ့နာမည်ကျော်တေးသီချင်းတွေဖြစ်တဲ့ "Welcome To New York"၊ "New Romantics "၊ "Blank Space"နဲ့ " I Wish You Well"စတဲ့ တေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေခဲ့ပါတယ်။

တေလာဟာ အဆိုပိုင်နိုင်တဲ့တေးသံရှင်တစ်ဦးဖြစ်ရုံသာမက သီဆိုဖျော်ဖြေနေစဉ်အတွင်းမှာ သူ့ရဲ့မျက်နှာ၊ ခြေ၊ လက်စတဲ့ ကိုယ်အမူအရာတွေဟာလည်း တမင်ဖန်တီးယူစရာမလိုဘဲ တေးသီချင်းနဲ့ လိုက်ဖက်စွာ သက်ဝင်လှုပ်ရှားနေလေ့ရှိတဲ့အတွက် ပါရမီရှင် အဆိုတော်တစ်ဦးလို့တောင် ပြောလို့ရပါတယ်။

တေလာဟာ သူ့ရဲ့တေး ဂီတလမ်းကြောင်းအစမှာ ကျေးလက်သီချင်းတွေကိုသီဆိုလေ့ရှိတဲ့ ကန်းထရီးတေးသံရှင်တစ်ဦးအဖြစ် စတင်ကျော်ကြားခဲ့ပေမယ့် ယခုနယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်နေတဲ့ "1989"တေးစီးရီးထွက်ရှိပြီးနောက်ပိုင်းမှာ ပေါ့ပ်တေးဂီတဘက်ကို ခြေလှမ်းပြောင်းခဲ့ကာ လတ်တလောမှာ အောင်မြင်တဲ့ ပေါ့ပ်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်နေပါတယ်။

တေလာဆွစ်ဟာ ယခုပြုလုပ်ခဲ့တဲ့ စစ်ဒနီဖျော်ဖြေပွဲအပြီးမှာ ဩစတြေးလျနိုင်ငံအတွင်းမှာပဲ အခြားသောတေးဂီတဖျော်ဖြေပွဲများကို ဒီဇင်ဘာ ၅ ရက်မှာ ဘရစ်ဘိန်းရှိ စန်းခရော့ပ်ဘောလုံးကွင်း၌ လည်းကောင်း၊ ဒီဇင်ဘာ၈ရက်မှာ အဒဲလိတ်ဒ်ဖျော်ဖြေရေးစင်တာ၌လည်းကောင်း၊ ဒီဇင်ဘာ ၁၀၊ ၁၁နဲ့ ၁၂ရက်တွေမှာ မယ်လ်ဘုန်းရှိ AAMI ပန်းခြံတို့၌ လည်းကောင်း အသီးသီးပြုလုပ်သွားမှာဖြစ်ပါတယ်။

# အနုပညာလမ်းကြောင်းသစ်ပေါ်က ဂျနီဖာလောရန့်စ်

လတ်တလောမှာ ရုံတင်ပြသနေတဲ့ စွန့်စားခန်းရုပ်ရှင်ဇာတ်လမ်းတွဲ "The Hunger Games" ရဲ့ ဇာတ်ဆောင်မင်းသမီးချော ဂျနီဖာလောရန့်စ်ဟာ သူ့ရဲ့ပင်မအနုပညာလမ်းကြောင်းပေါ်မှ တစ်ဆင့်တက်ကာ လမ်းသစ်ကို စတင်လျှောက်လှမ်းခဲ့ပါတယ်။ လတ်တလောမှာ ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးအဖြစ် ရပ်တည်နေတဲ့ လောရန့်စ်ဟာ ဒါရိုက်တာတစ်ဦးအဖြစ် ရုပ်ရှင်တစ်ခုကို တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ကြောင်း စကိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သရုပ်ဆောင်တစ်ဦးအဖြစ် ကင်မရာရှေ့မှာ လှုပ်ရှားရင်း အော်စကာဆုကိုပါသိမ်းပိုက်နိုင်ခဲ့သည်အထိ အောင်မြင်ခဲ့တဲ့ အသက်(၂၅)နှစ်အရွယ် လောရန့်စ်ဟာ "Project Delirium"လို့အမည်ရတဲ့ သိပ္ပံရုပ်ရှင်ကို တာဝန်ယူရိုက်ကူးပေးဖို့ ကင်မရာနောက်ကနေ ဒါရိုက်တာတစ်ဦးအဖြစ် လှုပ်ရှားသွားမှာဖြစ်ကြောင်း လောရန့်စ်ကိုယ်တိုင်က ဖွင့်ဟခဲ့ပါတယ်။

အန်တာတိန်းမန့်ဝိခ်ကလီး သတင်းစာနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ လောရန့်စ်က "အခု ရိုက်ကူးမယ့် ရုပ်ရှင်ဟာ အမေရိကန်စစ်ဘက်ဆိုင်ရာ ဆရာဝန်တွေရဲ့ စစ်အေးတိုက်ပွဲကာလအတွင်းက ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာနဲ့ ပတ်သက်တဲ့ လျှို့ဝှက်စမ်းသပ်မှုအကြောင်းတွေကို ရေးသားထားတဲ့ ဆောင်းပါးအပေါ် အခြေခံထားပါတယ်"ဟု ပြောကြားခဲ့ပါတယ်။

ဒါရိုက်တာတစ်ဦးဖြစ်လာခဲ့ခြင်းနဲ့ ပတ်သက်ပြီး လောရန့်စ်က သူ့အနေနဲ့ (၁၆)နှစ် သမီးအရွယ်ကပင် ဒါရိုက်တာတစ်ဦးဖြစ်ချင်ခဲ့သည့် ဆန္ဒရှိခဲ့ကြောင်းနဲ့ ယခုအချိန်မှာတော့ သူ့အနေနဲ့ ဒါရိုက်တာတစ်ဦးဖြစ်ရန် တကယ့်ကို အဆင်သင့်ဖြစ်နေပြီလို့ ခံစားရကြောင်းလည်း ရင်ဖွင့်ခဲ့ပါတယ်။

### နိုဝင်ဘာ ၂၈/၂၉ ရက် ကစားခဲ့သည့် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၃ | - | ၃ | အဲဗာတန် |
| ခရစ္စတယ်ပဲလေ့စ် | ၅ | - | ၁ | နယူးကာဆယ် |
| မန်စီးတီး | ၃ | - | ၁ | ဆောက်သမ်တန် |
| ဆန်းဒါးလန်း | ၂ | - | ၀ | စတုတ်စီးတီး |
| ဗီလာ | ၂ | - | ၃ | ဝက်ဖို့ဒ် |
| လက်စတာ | ၁ | - | ၁ | မန်ယူ |
| စပါး | ၀ | - | ၀ | ချယ်လ်ဆီး |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ဝက်စ်ဘရွန်း |

**စပိန်လာလီဂါ ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၄ | - | ၀ | ဆိုစီဒက် |
| အက်သလက် | ၁ | - | ၀ | အက်စ်ပန်ညို |
| မာလာဂါ | ၂ | - | ၂ | ဂရန်နာဒါ |
| လက်စ်ပဲမက်စ် | ၀ | - | ၂ | ဒီပို့တီဗို |
| ဆယ်လ်တာဗီဂို | ၂ | - | ၁ | စပို့တင်းဂီဂျွန် |
| ဂီတာဖေး | ၂ | - | ၀ | ဗီလာရီးယဲလ် |

**စီးရီးအေ ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၂ | - | ၀ | ဘိုလော့နာ |
| အေစီမီလန် | ၄ | - | ၁ | ဆမ်ဒိုးရီးယား |
| ချီယေဗို | ၂ | - | ၃ | အူဒီးနီးစ် |
| ဖရိုစီနီ | ၃ | - | ၂ | ဗီရိုနာ |
| ဂျီနိုအာ | ၁ | - | ၂ | ကာပီ |
| ရိုးမား | ၀ | - | ၂ | အတ္တလန္တာ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၄ | - | ၁ | စတုဂတ် |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၅**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၄ | - | ၁ | ထရွိုင်ယက်စ် |
| အန်ဂါးစ် | ၂ | - | ၀ | လိုင်လီ |
| နန့်တက်စ် | ၀ | - | ၀ | ဘက်စ်တီယာ |
| ဂါဇီလက် | ၁ | - | ၁ | လိုရီယန့် |
| ရိမ်းစ် | ၂ | - | ၂ | ရင်းနက်စ် |
| တူးလော့စ် | ၂ | - | ၀ | နိုက်စ် |
| စိန့်အက်တီယန် | ၃ | - | ၀ | ဂူအင်ဂမ့် |

**မောင်မောင်ဇော်**




## လက်စတာ တိုက်စစ်မှူး ဗာဒီ ၁၁ ပွဲ ဆက်တိုက် ဂိုးသွင်းနိုင်သည့် စံချိန်တင်

ပရီမီယာလိဂ်ကလပ် လက်စတာစီးတီးအသင်းမှ တိုက်စစ်မှူး ဗာဒီသည် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁၄) မန်ယူအသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည့် ပွဲစဉ်တွင် လက်စတာစီးတီးအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ် ၁၁ ပွဲဆက်တိုက်ဂိုးသွင်းနိုင်သည့် စံချိန်သစ်တစ်ခုတင်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် လက်စတာတိုက်စစ်မှူး ဗာဒီသည် ၂၀၀၃ ခုနှစ်အတွင်းက မန်ယူအသင်းနှင့်အတူ စံချိန်တင်ခဲ့သည့် မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်း၏ စံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ တိုက်စစ်မှူး ဗာဒီသည် လက်စတာစီးတီးအသင်းအတွက် ပွဲကစားချိန် ၂၄ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး မန်ယူတိုက်စစ်မှူး ရှဝိန်းစတိုင်ဂါက ပွဲကစားချိန် ၄၅ မိနစ်တွင် မန်ယူအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့ခြင်းကြောင့် ပထမပိုင်းရလဒ် တစ်ဖက်တစ်ဂိုးစီဖြင့်ပင် ပြိုင်ပွဲ၏ရလဒ်အဆုံးသတ်ခဲ့သည်။

တိုက်စစ်မှူး ဗာဒီသည် ပရီမီယာလိဂ်တစ်ရာသီအတွင်း လက်စတာစီးတီးအသင်းအတွက် ဂိုးသွင်းအများဆုံး တိုက်စစ်မှူးအဖြစ် စံချိန်တင်ခဲ့ပြီး ၁၉၉၉-၂၀၀၀ ခုနှစ်အတွင်းက လက်စတာစီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ် သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ကော့တီကိုလည်း ကျော်ဖြတ်သွားနိုင်ခဲ့ပြီဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး ဗာဒီသည် မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်း၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီးနောက် ၁၉၃၀ ခုနှစ်က ရှက်ဖီးယူနိုက်တက်အသင်းနှင့်အတူ ၁၂ ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့် ဂျင်မီဒွန်နီး၏ စံချိန်ကို ကျော်ဖြတ်နိုင်ရန်အတွက် လာမည့်ပွဲစဉ်တွင် ဂိုးသွင်းနိုင်ရန် မျှော်လင့်ထားကြောင်းသိရသည်။ **(ငွေကြယ်)**

## ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် နေမာဆန္ဒရှိနေ

ဘရာဇီးတိုက်စစ်မှူး နေမာသည် ဘာစီလိုနာအသင်းတွင် အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားခဲ့ပြီဖြစ်သောကြောင့် လက်ရှိကလပ် ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေပြီဖြစ်သည်။

တိုက်စစ်မှူး နေမာသည် ဘာစီလိုနာအသင်းတွင် တိုက်စစ်မှူး မက်ဆီဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သည့် ပွဲစဉ်များတွင် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်နှင့်အတူ နိုင်ပွဲများရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ရီးယဲလ်ဆိုစီဒက်အသင်းအား ဘာစီလိုနာအသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ယင်းပွဲစဉ်တွင် မက်ဆီက တစ်ဂိုး၊ ဆွာရက်ဇ်ကတစ်ဂိုးသွင်းယူပေးခဲ့သည်။

တိုက်စစ်မှူး နေမာသည် ရီးယဲလ်ဆိုစီဒက်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် လက်ရှိလာလီဂါပွဲစဉ်(၁၃)အပြီးတွင် သွင်းဂိုး ၁၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမား ၁၀ ဦးစာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ၎င်းနောက်တွင် တိုက်စစ်မှူး ဆွာရက်ဇ်က သွင်းဂိုး ၁၂ ဂိုးဖြင့် ဒုတိယနေရာက ရပ်တည်လျက်ရှိသည်။ **(ငွေကြယ်)**







## မန်ယူမှ ထွက်ခွာပြီးနောက် အကောင်းဆုံးပုံစံရရှိနေသည့် ဟာနန်ဒက်ဇ်

မန်ယူနည်းပြ ဗန်ဟားလ်လက်ထက်တွင် ဂိုးသွင်းခြေပျောက်ဆုံးကာ နေရာမရဖြစ်ခဲ့သော ဟာနန်ဒက်ဇ်မှာ လက်ရှိအချိန်တွင် လေဗာကူဆင်၌ အကောင်းဆုံးပုံစံပြန်လည်ရရှိကာ ခြေစွမ်းပြနေသောကြောင့် မန်ယူမှ ထွက်ခွာခဲ့သည့် သူ၏ဆုံးဖြတ်ချက်မှာ မှန်ကန်ခဲ့ကြောင်းဂိုးဒေ့ါကွန်းက သုံးသပ်ဖော်ပြခဲ့သည်။ ဗန်ဟားလ်၏ နည်းဗျူဟာချမှတ်မှုက တိုက်စစ်ကစားသမားများအနေဖြင့် လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်ရန် ခက်ခဲသည့်အတွက် မန်ယူတိုက်စစ်မှူးများမှာ အခြားတိုက်စစ်ကစားသမားများထက် ဂိုးရရှိရန် ပိုမိုရုန်းကန်နေရခြင်းဖြစ်သည်။

ဟာနန်ဒက်ဇ်မှာ ယခင်မန်ယူနည်းပြ ဖာဂူဆန်လက်ထက်တွင် အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့သော်လည်း နည်းပြဗန်ဟားလ်လက်ထက်တွင်ခြေစွမ်းပျောက်ခဲ့သောကြောင့် ၎င်းအားမန်ယူက ယမန်နှစ်၌ ရီးယဲလ်သို့ အငှားချထားခဲ့သလို ယခုနှစ်နွေဈေးကွက်တွင် လေဗာကူဆင်အသင်းသို့ အပြီးသတ်ရောင်းချခဲ့သည်။ ဟာနန်ဒက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် လေဗာကူဆင်အတွက်ခုနစ်ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မက္ကဆီကိုကစားသမားများထဲတွင် ယခင်ရီးယဲလ်ဂန္ထဝင်ကစားသမား ဟူဂိုဆန်းချက်ဇ်၏ ဥရောပလိဂ် ခြောက်ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့သော စံချိန်တစ်ခုကိုကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့သည်။

မန်ယူနည်းပြဗန်ဟားလ်က တိုက်စစ်မှူးဗန်ပါစီနှင့် ဟာနန်ဒက်ဇ်တို့နှစ်ဦးအားရောင်းချကာ မာရှယ်လ်နှင့် ဒီပေးတို့နှစ်ဦးအား ပြန်လည်အစားထိုးခေါ်ယူခဲ့သော်လည်း ယခုထိ မန်ယူတိုက်စစ်ကိုအကောင်းဆုံးပုံဖော်နိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ပီအက်စ်ဗွီနှင့်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် လက်စတာအားရင်ဆိုင်ခဲ့ရသည့် ပရီမီယာလိဂ်ပွဲစဉ်များတွင် မန်ယူ၏ တိုက်စစ်ကစားဟန်မှာ လုံးဝအသက်မဲ့နေခဲ့ခြင်းဖြစ်သည်။

**မေလှဲ့သင်း**

## မော်ရင်ဟိုစိတ်တိုင်းကျ ကွင်းလယ်ဖန်တီးရှင်မဟုတ်သော ဟာဇက်

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက သူ့စိတ်တိုင်းကျ ကွင်းလယ်ဖန်တီးရှင်နေရာမှာ ကစားနိုင်တဲ့ကစားသမားက ပြီးခဲ့တဲ့နှစ် ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုရရှိတဲ့ ဟာဇက်မဟုတ်ဘဲ ပေါ်တိုကွင်းလယ်ကစားသမားဟောင်း ဒေကိုနဲ့ အခုဂါလာတာစာရေးမှာ ကစားနေတဲ့ ရှနိုက်ဒါတို့သာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မော်ရင်ဟိုက နည်းဗျူဟာပိုင်းခင်းကျင်းတဲ့နေရာမှာ ကွင်းလယ်ဖန်တီးရှင်နေရာမှာ ကစားနိုင်တဲ့ ကစားသမားကိုတည်ပြီး ကစားကွက်ဗျူဟာကို ချမှတ်လေ့ရှိတဲ့နည်းပြတစ်ဦးပါ။ သူဟာ ပေါ်တိုကအစပြုလို့ အခု ချယ်လ်ဆီးကို ဒုတိယအကြော့ ပြန်လည်ကိုင်တွယ်တဲ့အထိ တိုင်အောင် ကျောနံပါတ်(၁၀)ဝတ်ကစားသမားတွေ ကစားလေ့ရှိတဲ့ ကွင်းလယ်ဗဟိုချက်နေရာမှာ အံဝင်အောင်ကစားနိုင်တဲ့ကစားသမားတွေကို အမှီပြုပြီး အောင်ပွဲအလီလီရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။

အင်တာဗျူးတစ်ခုမှာ မော်ရင်ဟိုကို “ ဟာဇက်က ခင်ဗျားစိတ်ကြိုက် ကျောနံပါတ် (၁၀)ဝတ်ကစားသမားလား”လို့ မေးမြန်းခဲ့ရာမှာ သူက “မဟုတ်ပါဘူး။ ကျောနံပါတ်(၁၀)ဝတ်ကစားသမားဆိုတာ စွယ်စုံဖန်တီးနိုင်တဲ့သူပါ။ဗဟိုကွင်းလယ်နေရာမှာ ကစားသမားနှစ်ယောက်ထားပြီး ကစားခိုင်းတဲ့အခါတစ်ယောက်က ကွင်းလယ်ဖန်တီးရှင်နေရာကို သေချာပေါက်တာဝန်ယူရပါလိမ့်မယ်။ တဲလ်အဗစ်ကိုရင်ဆိုင်တဲ့ပွဲမှာ အော်စကာ ကစားသွားတုန်းကလိုပေါ့” လို့ပြန်လည်ဖြေကြားခဲ့ပါတယ်။




မော်ရင်ဟိုက သူ့စိတ်တိုင်းကျ ကျောနံပါတ်(၁၀)ဝတ်ကစားသမားနှစ်ဦးမှာ ဒေကိုနဲ့ ရှနိုက်ဒါတို့သာဖြစ်ကြောင်းဆိုခဲ့သလို သူတို့နှစ်ဦးက နောက်တန်းအဖျက်နေရာကိုဆင်းကူနိုင်သလို ပင်နယ်တီဧရိယာအတွင်း အကောင်းဆုံးလှုပ်ရှားနိုင်သူများလည်းဖြစ်ကြောင်းဆိုခဲ့ပါတယ်။ ဒါ့အပြင် အဆုံးသတ်ဂိုးသွင်းယူနိုင်မှုအပိုင်းပါပြည့်စုံမှသာလျှင် အကောင်းဆုံး ကွင်းလယ်ဖန်တီးရှင်အဖြစ်သတ်မှတ်နိုင်မည်ဖြစ်ကြောင်းလည်း သူ့ရဲ့ သဘောထားအမြင်ကို ပြောခဲ့ပါတယ်။ **မေလှဲ့သင်း**

## ဇန်နဝါရီဈေးကွက်တွင် ကစားသမားသစ်ခေါ်ယူရန် ဝင်းဂါးအရိပ်အမြွက်ပြောကြား

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် လက်ရှိအသင်းတွင် ဒဏ်ရာရကစားသမားအများအပြားရှိနေခြင်းကြောင့် လာမည့် ဇန်နဝါရီဈေးကွက်တွင် ကစားသမားသစ်ခေါ်ယူသွားရန် စီစဉ်လျက်ရှိကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် လက်ရှိတွင် ဝီရှိုင်းယား၊ ဒန်နီဝဲလ်ဘက်၊ သီယိုဝဲလ်ကော့၊ ချန်ဘာလိန်၊ ကိုကွာလင်နှင့် အာတီတာတို့သည် အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ခြင်းမရှိဘဲ အရန်ခုံတွင်သာ ကျနေပ်နေရပြီး ခရစ္စမတ်အမီအသင်းနှင့်အတူ ပါဝင်လာနိုင်မည်မဟုတ်သောကြောင့် နည်းပြအာစင်ဝင်းဂါးအတွက် အခက်အခဲတစ်ခုကဲ့သို့ ရင်ဆိုင်နေရသည်။

ထိုသို့ အာဆင်နယ်အသင်းတွင် ဒဏ်ရာရကစားသမားအများအပြားရှိနေသော်လည်း ပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်ရန်အတွက် အကောင်းဆုံးပုံစံတွင်ရှိနေသေးကြောင်း နည်းပြအာစင်ဝင်းဂါးအနေဖြင့် ထုတ်ဖော်ပြောကြားခဲ့သော်လည်း ဇန်နဝါရီဈေးကွက်တွင်မူ ကစားသမားသစ်ထပ်မံခေါ်ယူသွားမည်ဟု ဆိုသည်။

ထို့ကြောင့် နည်းပြအာစင်ဝင်းဂါးအနေဖြင့် အိုဇေးလ်၊ ဆန်းချက်ဇ်စသည့် ကစားသမားများကို အထောက်အပံ့ပေးနိုင်မည့် ကစားသမားမျိုးကို ရှာဖွေခေါ်ယူရန် စီစဉ်လျက်ရှိပြီး အဲဗာတန်အသင်းမှ အင်္ဂလန်ဗဟိုခံစစ်မှူး ဂျွန်စတုန်းကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဂျွန်စတုန်းသည် ချယ်လ်ဆီးအသင်း၏ သုံးကြိမ်တိုင်တိုင်ကမ်းလှမ်းမှုကို ခံခဲ့ရသော်လည်း အဲဗာတန်အသင်းက ဂျွန်စတုန်းအားရောင်းချရန်ငြင်းပယ်ခဲ့ရသည်။ သို့ရာတွင် နည်းပြအာစင်ဝင်းဂါးကမူ အဲဗာတန် နောက်တန်း ကစားသမား ဂျွန်စတုန်းအား ခေါ်ယူရန်ပြင်ဆင်လျက်ရှိပြီး အသက် (၂၁) နှစ်အရွယ် ဂျွန်စတုန်းအား အမ်းမရိတ်အရောက် ခေါ်ယူမည်ဟု ဆိုသည်။ **(ငွေကြယ်)**


oppo
Neo 7
ရောင်စဉ်ဖြာတဲ့ အလင်းတစ်ပွင့်
ကျပ် ၂၀,၀၀၀ တန်ဖိုးရှိ
လက်ဆောင်ပစ္စည်းများ
ရနိုင်မည့်အခွင့်အရေး
Ambassador:
Price: 199,000Ks
• ကြည်လင်တောက်ပတဲ့မျက်နှာပြင်
• ကိုင်ဆောင်ရလွယ်ကူတဲ့ 5" အကျယ်မျက်နှာပြင်
• အလုတရားနဲ့ပြည့်စုံမယ့် Selfie အတွက် 5MP/8MP

# ကမ္ဘာ့သမိုင်းဝင်မည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၁)ကြိမ်မြောက် ညီလာခံ (Conference of Parties-COP 21)

ခ လှမောင်သိန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

ရာသီဥတုပြောင်းလဲမှုဟာ လက်ရှိ ကမ္ဘာ့လူသားတွေအားလုံး ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ ယနေ့ကမ္ဘာ့လူဦးရေးတိုးတက်လာခြင်းအပြင် လူသားတွေရဲ့ အပြုအမူတွေကြောင့် လေထုထဲမှာ မှန်လုံအိမ်ဓာတ်ငွေ့တွေလိုအပ်သည်ထက်ပိုများလာပြီး ကမ္ဘာကြီးဟာ တဖြည်းဖြည်းနဲ့ လျင်မြန်စွာ ပူနွေးလာလျက်ရှိနေပါတယ်။ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ယခုလက်ရှိ အနေအထားအတိုင်း ဆက်လက်ထုတ်လွှတ်နေမယ်ဆိုရင် ကမ္ဘာကြီးရဲ့ အပူချိန်မြင့်တက်မှုဟာ ၂၁၀၀ ခုနှစ်မှာ အပူချိန် ၅ ဒီဂရီစင်တီဂရိတ်ကျော်အထိ တိုးမြင့်လာနိုင်ပြီး ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေအနေနဲ့ ပြင်းထန်တဲ့ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးမှု၊ လျှော်လှုပ်မှု၊ ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝဂေဟစနစ် ပျက်စီးမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုစတဲ့ ပြဿနာတွေ ပိုမိုတိုးပွားလာမှာဖြစ်ပါတယ်။

အဲဒီအန္တရာယ်တွေကို လျှော့ပါးစေဖို့အတွက် ကမ္ဘာကြီးရဲ့ပျမ်းမျှအပူချိန် ၁ ဒသမ ၅(သို့မဟုတ်) ၂ ဒီဂရီစင်တီဂရိတ်ထက် မကျော်နိုင်အောင် ကမ္ဘာ့နိုင်ငံများအားလုံးက မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချနိုင်ရေး ရည်မှန်းချက်ချမှတ်ပြီး ၂၀၂၀ ခုနှစ် မတိုင်မီ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ၊ ၂၀၂၀ ပြည့်နှစ်အလွန်မှာ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေပါဝင်တဲ့ ဥပဒေကဲ့သို့ အာဏာသက်ရောက်တဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ချမှတ်နိုင်ဖို့ ရည်ရွယ်ပြီး ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ ၂၁ ကြိမ်မြောက်ညီလာခံ (COP21) ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ Le Bourget မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံများရဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်တွေကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change-UNFCCC) ကို ၁၉၉၂ ခုနှစ်မှာ အတည်ပြုပြဌာန်းခဲ့ပြီး အဆိုပါကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ဖို့အတွက် မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ ကျိုတိုနောက်ဆက်တွဲ စာချုပ် (Kyoto Protocol)ကို ၁၉၉၇ ခုနှစ်မှာ ချုပ်ဆိုခဲ့ပါတယ်။

ကွန်ဗင်းရှင်းရဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို ပြန်လည်သုံးသပ်ဖို့နဲ့ လိုအပ်တဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ စီစဉ်ချမှတ်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ အဖွဲ့ဝင်နိုင်ငံများရဲ့ညီလာခံ (Conference of Parties-COP) တွေကို ၁၉၉၅ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံများရဲ့ ညီလာခံ (COP)တွေဟာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အရေးပါတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရမယ့် ကွန်ဗင်းရှင်းရဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အမြင့်ဆုံး အဖွဲ့အစည်းဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများ ရဲ့ညီလာခံ(COP)ရဲ့ အဓိကတာဝန်တစ်ရပ် ကတော့ အဖွဲ့ဝင်နိုင်ငံတွေကတင်ပြရတဲ့ အမျိုးသား အဆင့်အစီရင်ခံစာများနဲ့ မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုစစ်တမ်းကောက်ယူမှုတွေကိုသုံးသပ်ပြီး အဲဒီသတင်းအချက်အလက်တွေကို အခြေခံကာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းတွေ ထိရောက်မှုနဲ့ ကွန်ဗင်းရှင်းရဲ့ အဓိကကျတဲ့ ရည်မှန်းချက်တွေနဲ့ ပတ်သက်တဲ့လုပ်ငန်း တိုးတက်မှုတွေကို ခန့်မှန်းဖို့ဖြစ်ပါတယ်။ ဒ့ါအပြင် အဖွဲ့ဝင်နိုင်ငံများရဲ့ ညီလာခံ (COP)ဟာ ကွန်ဗင်းရှင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို သုံးသပ်ပြီး အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းလမ်းတွေ (Mechanisms) ဖော်ထုတ်ပေးခြင်းနဲ့ အကောင်းဆုံး သိပ္ပံပညာရပ်တွေကို အသုံးပြုပြီး ဆောင်ရွက်နေမှုတွေရဲ့ ထိရောက်မှု အတိုင်းအတာကို ထပ်တလဲလဲ သုံးသပ်ခြင်းတွေလည်း ဆောင်ရွက်ရပါတယ်။

အဖွဲ့ဝင်နိုင်ငံများရဲ့ညီလာခံ (COP) တွေကို ၁၉၉၅ ခုနှစ်ကစပြီး အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါတယ် -

(၁၀) ပထမအကြိမ် ညီလာခံ၊ ဘာလင်မြို့ ဂျာမနီနိုင်ငံ (၁၉၉၅ ခုနှစ်)
(၂) ဒုတိယအကြိမ် ညီလာခံ၊ ဂျနီဗာမြို့ ဆွစ်ဇာလန်နိုင်ငံ (၁၉၉၆ ခုနှစ်)
(၃) တတိယအကြိမ် ညီလာခံ၊ ကျိုတိုမြို့ ဂျပန်နိုင်ငံ (၁၉၉၇ ခုနှစ်)
(၄) စတုတ္ထအကြိမ် ညီလာခံ၊ ဗျူနိုအေရီမြို့ အာဂျင်တီးနားနိုင်ငံ ( ၁၉၉၈ ခုနှစ်)



(၅) ပဥ္စမအကြိမ် ညီလာခံ၊ ဘွန်းမြို့ ဂျာမနီနိုင်ငံ (၁၉၉၉ ခုနှစ်)
(၆) ဆဋ္ဌမအကြိမ် ညီလာခံ၊ ဟဂူးမြို့ နယ်သာလန်နိုင်ငံ (၂၀၀၀ ခုနှစ်) နှင့် ဘွန်းမြို့ ဂျာမနီနိုင်ငံ (၂၀၀၁ ခုနှစ်)
(၇) သတ္တမအကြိမ် ညီလာခံ၊ မာရခက်ချ်မြို့ မော်ရိုကိုနိုင်ငံ (၂၀၀၁ ခုနှစ်)
(၈) အဋ္ဌမအကြိမ် ညီလာခံ၊ နယူးဒေလီမြို့ အိန္ဒိယနိုင်ငံ (၂၀၀၂ ခုနှစ်)
(၉) နဝမအကြိမ် ညီလာခံ၊ မာလင်မြို့ အီတလီနိုင်ငံ ( ၂၀၀၃ ခုနှစ်)
(၁၀) ဒသမအကြိမ် ညီလာခံ၊ ဗျူနိုအေရီမြို့ အာဂျင်တီးနားနိုင်ငံ (၂၀၀၄ ခုနှစ်)
(၁၁) ၁၁ ကြိမ်မြောက် ညီလာခံ၊ မွန်ထရီမြို့ ကနေဒါနိုင်ငံ (၂၀၀၅ ခုနှစ်)
(၁၂) ၁၂ ကြိမ်မြောက် ညီလာခံ၊ နိုင်ရိုဘီမြို့ ကင်ညာနိုင်ငံ (၂၀၀၆ ခုနှစ်)
(၁၃) ၁၃ ကြိမ်မြောက် ညီလာခံ၊ ဘာလီမြို့ အင်ဒိုနီးရှားနိုင်ငံ ( ၂၀၀၇ ခုနှစ်)
(၁၄) ၁၄ ကြိမ်မြောက် ညီလာခံ၊ ပို့(ဇ်)နန်မြို့ ပိုလန်နိုင်ငံ (၂၀၀၈ ခုနှစ်)
(၁၅) ၁၅ ကြိမ်မြောက် ညီလာခံ၊ ကိုပင်ဟေဂင်မြို့ ဒိန်းမတ်နိုင်ငံ (၂၀၀၉ ခုနှစ်)
(၁၆) ၁၆ ကြိမ်မြောက် ညီလာခံ၊ ကန်ကွန်မြို့ မက်ဆီကိုနိုင်ငံ (၂၀၁၀ ခုနှစ်)
(၁၇) ၁၇ ကြိမ်မြောက် ညီလာခံ၊ ဒါဘမ်မြို့ တောင်အာဖရိကနိုင်ငံ (၂၀၁၁ ခုနှစ်)
(၁၈) ၁၈ ကြိမ်မြောက် ညီလာခံ၊ ဒိုဟာမြို့ ကာတာနိုင်ငံ (၂၀၁၂ ခုနှစ်)
(၁၉) ၁၉ ကြိမ်မြောက် ညီလာခံ၊ ဝါဆောမြို့ ပိုလန်နိုင်ငံ (၂၀၁၃ ခုနှစ်)
(၂၀) ၂၀ ကြိမ်မြောက် ညီလာခံ၊ လီမာမြို့ ပီရူးနိုင်ငံ (၂၀၁၄ ခုနှစ်)

အဖွဲ့ဝင်နိုင်ငံများရဲ့ညီလာခံ (COP) တွေနဲ့အတူ ကျိုတိုနောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများညီလာခံ (Conference of the Parties serving as the meeting of the Parties to the Protocol-CMP)တွေကို ၂၀၀၅ ခုနှစ်ကစပြီး တစ်ချိန်တည်း တစ်ပြိုင်နက်တည်း နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပါတယ်။

ကျိုတိုနောက်ဆက်တွဲစာချုပ်အရ ဖွံ့ဖြိုးပြီးနိုင်ငံတွေဟာ ၁၉၉၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်ကာလအတွင်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချဖို့ ပထမအဆင့်ကတိကဝတ်တွေနဲ့ သဘောတူညီခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ်အလွန် ၂၀၂၀ ပြည့်နှစ်အထိ ကမ္ဘာကြီးရဲ့ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ကျစေရေး အတွက်လည်းဒုတိယအဆင့် ကတိကဝတ်တွေထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ် တောင်အာဖရိကနိုင်ငံ ဒါဘမ်မြို့၌ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၇) ကြိမ်မြောက် ညီလာခံ (COP 17) မှာ ၂၀၂၀ ပြည့်နှစ်အလွန် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်တွေကို ၂၀၁၅ ခုနှစ် ပါရီမြို့မှာ ကျင်းပမယ့် (၂၁) ကြိမ်မြောက်ညီလာခံ COP 21 မှာ အတည်ပြုချမှတ်နိုင်ရေး ဆုံးဖြတ်ချက်အရ ဒါဘမ်ဆုံးဖြတ်ချက်များအား မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Working Group on the Durban Platform for Enhanced Action) ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းအဖွဲ့ရဲ့ အစည်းအဝေးတွေကို ကျင်းပခဲ့ပါတယ်။ လုပ်ငန်းအဖွဲ့ရဲ့ အစည်းအဝေးတွေမှာ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာသဘောတူညီချက်(မူကြမ်း) အကြိမ်ကြိမ်ညှိနှိုင်းရေးဆွဲပြုစုခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ပီရူးနိုင်ငံ၊ လီမာမြို့မှာ ကျင်းပခဲ့တဲ့ အကြိမ် (၂၀) မြောက် ညီလာခံ COP 20 မှာ လီမာ လိုလားချက်များ (Call for Lima) ကို ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ တွင် ကျင်းပခဲ့တဲ့ ဒါဘမ်ဆုံးဖြတ်ချက်များအား မြှင့်တင်ဆောင်ရွက် ရေးလုပ်ငန်းအဖွဲ့ရဲ့ (၈)ကြိမ်မြောက်အစည်းအဝေးမှာ ဂျီနီဗာ စေ့စပ်ညှိနှိုင်းမှု စာသား (Geneva Negotiation Text) ကိုညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ဂျာမနီနိုင်ငံ၊ ဘွန်းမြို့ မှာ ကျင်းပခဲ့တဲ့ ဒါဘမ်ဆုံးဖြတ်ချက်များအား မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ရဲ့ (၉) ကြိမ်မြောက် အစည်းအဝေးတွင် ထိရောက်ကျစ်လျစ်သောစာသား (Streamlined Consolidated Text)တွေကို ညှိနှိုင်းရေးဆွဲကာ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ဂျာမနီနိုင်ငံ ဘွန်းမြို့ မှာပြုလုပ်တဲ့ ဒါဘမ်ဆုံးဖြတ်ချက်များအား မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ရဲ့ (၁၀) ကြိမ်မြောက်အစည်းအဝေးမှာ စေ့စပ်ညှိနှိုင်းမှု စာသား (Negotiation Text) ကို ရေးဆွဲပြုစုခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်မှ ၂၃ ရက်အထိ ဂျာမနီနိုင်ငံ၊ ဘွန်းမြို့မှာ ကျင်းပခဲ့တဲ့ ဒါဘမ်ဆုံးဖြတ် ချက်များအား မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ရဲ့ ဒုတိယအပိုင်း (၁၁) ကြိမ်မြောက် အစည်းအဝေးမှာ ယခင် အကြိမ်ကြိမ်ညှိနှိုင်းရေးဆွဲခဲ့တဲ့ မူကြမ်းတွေအပေါ်မှာ အခြေခံပြီး ဆက်လက် ညှိနှိုင်းကာ စေ့စပ်ညှိနှိုင်းမှုစာသား Negotiation Text (မူကြမ်း) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီ ထုတ်ပြန်ခဲ့တဲ့ စေ့စပ်ညှိနှိုင်းမှုစာသား Negotiation Text (မူကြမ်း)မှာ အဓိကအားဖြင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် ၂၀၂၀ ခုနှစ်မတိုင်မီ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေနဲ့ ၂၀၂၀ ခုနှစ်အလွန် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေအတွက် သဘောတူညီချက်ဆိုပြီး အပိုင်း နှစ်ပိုင်း ပါဝင်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မတိုင်မီ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေက အဓိကအားဖြင့် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အလွန် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေတော့ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံတွေအားလုံး လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းတွေဖြစ်ပါတယ်။ အဲဒီ စေ့စပ်ညှိနှိုင်းမှုစာသား Negotiation Text ကို ပြင်သစ်နိုင်ငံ ပါရီမြို့ Le Bourget မှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်အထိ ကျင်းပပြုလုပ်မယ့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများရဲ့ (၂၁) ကြိမ်မြောက် ညီလာခံ (COP-21) မှာ ဆက်လက်ညှိနှိုင်းဆွေးနွေးပြီး ဥပဒေကဲ့သို့ အာဏာသက်ရောက်မယ့် ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အဖြစ် အတည်ပြုဆုံးဖြတ်ကြမှာဖြစ်ပါတယ်။

မကြာမီ ကျင်းပတော့မယ့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများရဲ့ (၂၁) ကြိမ်မြောက်ညီလာခံ COP 21 ညီလာခံကျင်းပရတဲ့ ရည်ရွယ်ချက်(၄)ရပ်ကတော့ ကမ္ဘာကြီးရဲ့ အပူချိန်မြင့်တက်မှုကို ၁ ဒသမ ၅ (သို့မဟုတ်) ၂ ဒီဂရီစင်တီဂရိတ်သို့ လျှော့ချနိုင်ဖို့အတွက် မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချသွားမယ့် ပမာဏနဲ့ ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေအရ စည်းနှောင်ထားတဲ့ သဘောတူညီချက်တစ်ရပ် ထုတ်ပြန်ကြေညာဖို့၊ သဘောတူညီချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ၂၀၂၀ ပြည့်နှစ်မှစပြီး ဖွံ့ဖြိုးပြီးနိုင်ငံများမှ နှစ်စဉ် အမေရိကန်ဒေါ်လာဘီလီယံ (၁၀၀) ထည့်ဝင်ရေးအတွက် ကတိကဝတ်ရရှိဖို့၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရာမှာ ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ မိမိနိုင်ငံရဲ့ အခြေအနေနဲ့ သင့်လျော်မယ့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Intended Nationally Determined Contribution-INDC) ရေးဆွဲပြီး နိုင်ငံအလိုက်ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စရပ် တွေကို တင်ပြသွားဖို့နဲ့ INDC ကို သက်ဆိုင်ရာနိုင်ငံအလိုက် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို နည်းပညာဖွံ့ဖြိုးတိုးတက်စေရေးနဲ့ လွှဲပြောင်းပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးနဲ့ ရန်ပုံငွေပံ့ပိုးပေးရေးတို့အတွက် ကတိကဝတ်တွေရရှိဖို့ ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ၃၀-၁၁-၂၀၁၅ ရက်မှ ၁၁-၁၂-၂၀၁၅ ရက်အထိ ကျင်းပပြုလုပ်မယ့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများရဲ့ (၂၁) ကြိမ်မြောက်ညီလာခံ (COP21) ကို နိုင်ငံအကြီးအကဲများအစည်းအဝေး (Leaders Event)၊ အဆင့်မြင့် အစည်းအဝေး (High Level Segment)၊ (၁၁)ကြိမ်မြောက် ကျိုတိုနောက်ဆက်တွဲ စာချုပ်အဖွဲ့ဝင်နိုင်ငံများ ညီလာခံ(CMP11)၊ လုပ်ငန်းအဖွဲ့အစည်းအဝေးများဆိုပြီး ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ(၁၉၆)နိုင်ငံမှ နိုင်ငံအကြီးအကဲတွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေ၊ အစိုးရ မဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအေဂျင်စီတွေနဲ့ လူမှုအဖွဲ့အစည်းတွေက ကိုယ်စားလှယ် စုစုပေါင်း ၄၀၀၀၀ ခန့် တက်ရောက်ကြမှာဖြစ်ပါတယ်။

နိုင်ငံအကြီးအကဲများ အစည်းအဝေး (Leaders Event)ဟာ လေးနက်တဲ့ ကမ္ဘာ့အဆင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာသဘောတူညီချက် (Global Climate Change Agreement) ကို နိုင်ငံအသီးသီးက အစိုးရအဖွဲ့အစည်းတွေက နိုင်ငံရေးရာအရ ကတိကဝတ်ပြုထောက်ခံကြောင်း ထုတ်ဖော်ပြောကြားနိုင်မယ့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပြီး နိုင်ငံအကြီးအကဲတွေက နိုင်ငံအဆင့် ထုတ်ပြန်တင်ပြချက် National Statement တွေကို ပြောကြားရမှာဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနား ကို ၃၀-၁၁-၂၀၁၅ ရက်မှာ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရဲ့ Le Bourget မှာ ကျင်းပပြုလုပ်မှာဖြစ်ပြီး ပြင်သစ်နိုင်ငံသမ္မတ H.E. Mr. Francois Hollande၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Ban Ki-moon နဲ့ နိုင်ငံပေါင်း ၁၄၀ မှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြမှာဖြစ်ပါတယ်။ ဆက်လက်ဖော်ပြပါမည်။

# ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက် တည်ဆောက်မည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ *Zing Gateway* ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် အောင်ချမ်းသာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော စာသင်သား အိပ်ဆောင်တစ်ဆောင်၊ ဖြူစင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော စာချဆရာတော်အိပ်ဆောင် တစ်ဆောင်၊ ဆွမ်းစားဆောင်နှင့် ဆွမ်းချက်ဆောင် အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက ရှင်းလင်းပြောပြခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ရှင်းလင်းဆောင်၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြား၍ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် ကုမ္ပဏီများမှ ရှင်းလင်းဆွေးနွေးတင်ပြရာ အောင်ချမ်းသာကုမ္ပဏီ၊ ဖြူစင်ကုမ္ပဏီ၊ ကောင်းကင်ဖြူကုမ္ပဏီ၊ *Zing Gateway* ကုမ္ပဏီ၊ မြနန္ဒာထွန်းကုမ္ပဏီ၊ *The Best(5)* ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့ တာဝန်ယူတည်ဆောက်လျက်ရှိသော အဆောက်အအုံကိစ္စရပ်များနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အင်ဂျင်နီယာအသင်း နာယက ဦးဝင်းမြင့်က ပြန်လည်ဆွေးနွေးတင်ပြ၍ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌက အသုံးစရိတ်ရှင်းတမ်းများအား ဖတ်ကြားဆွေးနွေးပြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် တောင်ကြီး *Shopping Center* သို့ ရောက်ရှိလာရာ သီဟကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာက အပိုင်း(၁) အဆောက်အအုံ ငါးလွှာအကြမ်းထည် ပြီးစီးမှုအား လိုက်လံရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# စိုက်ပျိုးရေးသုတေသနဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စမ်းသပ်ကွက်ရိတ်သိမ်း

**အောင်လံ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ပဒဲဆည်ရေသောက် ရွှေပန်းတောကျေးရွာအုပ်စု ကွင်းအမှတ်(၈၁၂A) ဦးပိုင်အမှတ်(၁၈)တွင် စိုက်ပျိုးထားသော တောင်သူဦးမြင့်စိုး၏ ဆည်ရေသောက်လယ် စပါးမျိုး စမ်းသပ်ကွက်တွင် နိုဝင်ဘာ၂၈ ရက်က KDT×၆ မျိုး ရိတ်သိမ်းခဲ့ရာ သုညဒသမ ၀၃၈ ဧကမှ ၃ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

ယင်းစမ်းသပ်ကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က ဆည်ရေသောက် လယ်စပါးမျိုးစမ်းသပ်ကွက် မျိုးသန့်စိုက်ပျိုးခြင်းများ အကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေမောင်က ဆည်ရေသောက်လယ် စပါးမျိုးစမ်းသပ်ကွက်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ပုံတောင်ခြေ၌ ငွေကျပ်သန်း ၄၀၀ ကျော်ဖြင့် ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်

**ပုလဲ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ပုံတောင်ခြေတွင် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၄၃၃ သန်းဖြင့် သစ်ကြီးတိုင်း-ဘန့်ဘွေး-မယင်းကျောက်ချောလမ်း ၁၀ မိုင် ခင်းခြင်းလုပ်ငန်းများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်စိုး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ အဖွဲ့ဝင် ဦးမြင့်ဝေတို့သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် သစ်ကြီးတိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က "ကျွန်တော်တို့ တောင်ပေါ်ဒေသက လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်ကူးသန်း ရောင်းဝယ်မှုအစ အခက်အခဲတွေရှိခဲ့ပါတယ်။ လမ်းကမြေသားလမ်းဆိုတော့ မိုးတွင်းဆို ဆိုင်ကယ်နဲ့ ကားပါ ရွံ့ကပ်ပြီး သွားလာဖို့ခက်တဲ့အတွက်ကြောင့် တစ်ရွာနဲ့တစ်ရွာ သွားရာမှာ ခြေလျင်ပဲသွားခဲ့ကြရပါတယ်။ အခုဆိုရင် ကျေးလက်ဦးစီးဌာနက ကွန်တော်တို့ကျေးရွာကနေ မယင်းကျေးရွာအထိ ကျောက်ချောလမ်း ၁၀ မိုင်ကို ခင်းပေးနေပြီဖြစ်တဲ့အတွက် လာမယ့်နှစ် မိုးရာသီဆိုရင် ကျွန်တော်တို့တောင်ပေါ်ဒေသမှာ သွားလာမှု အခက်အခဲမရှိတော့သလို ပညာရေး၊ ကျန်းမာရေး၊ ကုန်စည် ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်တော့မှာ ဖြစ်၍လို့ အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောသည်။

အဆိုပါ သစ်ကြီးတိုင်း-ဘန့်ဘွေး-မယင်းလမ်းသည် ပုံတောင်ခြေရှိ ကျေးလက်နေပြည်သူများ၏ သွားလာရေးအတွက် အဓိကအချက်အချာကျသော လမ်းတစ်လမ်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ရာ တောင်ဒေသရှိ ကျေးရွာ ၁၅ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုများအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

MIC
Myanmar Imperial College

edexcel
Approved Centre No. 93679

MIC မိသားစု စုပေါင်းမဟာဘုံကထိန် အလှူပွဲ



နတ်လူ သာဓုခေါ် ပါစေသောဂ်

Myanmar Imperial College မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် MIC ဝန်ထမ်းများမှ မြန်မာလူမျိုးတို့၏ ၁၂ လရာသီ ပွဲတော်တစ်ခုဖြစ်သည့် အထွဋ်အမြတ်ထားရာ ကထိန်ပွဲကို နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တက်ကြွပျော်ရွှင်စွာဖြင့် ရိုးရာအစဉ်အလာမပျက်ဆင်နွှဲခဲ့ကြပါသည်။
MIC ကျောင်းသားလူငယ်တို့၏ မြန်မာ့ရိုးရာနှင့် ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် မွန်မြတ်သောစိတ်ထားများအတွက်လည်း Myanmar Imperial College မှ အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ထိုသို့ ပြုလုပ်လှူဒါန်းခဲ့ကြသော ဒါနကုသိုလ်အစုစုတို့အတွက် ပီတိသောမနဿတို့ဖြင့် နတ်လူ သာဓုခေါ် ပါစေသောဂ်။

Working in Partnership with
THE UNIVERSITY OF NORTHAMPTON
United Kingdom

အမှတ် (၁) ဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက် (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ 09 73210001 / 09 421100222

# ရေစိမ်ခေါက်ဆွဲလုပ်ငန်း ဆန်ဈေးမြင့်နေ၍အကျိုးအမြတ်နည်းပါး



**ကောလင်း နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဆန်စပါးထွက်ကုန်တစ်ခုဖြစ်သော ရေစိမ်ခေါက်ဆွဲလုပ်ငန်းမှာ အိမ်တွင်းစီးပွားရေးအဖြစ် အောင်မြင်ဖြစ်ထွန်းလာခဲ့ရာ ကောလင်းမြို့ပေါ်ရှိ ရေစိမ်ခေါက်ဆွဲ စက်ရုံ ၁၀ ခုအပြင် ဝန်းသိုမြို့နယ် ပေကုန်းအုပ်စု အောင်ချမ်းသာကျေးရွာမှ စက်ရုံတစ်ရုံတို့မှ ထုတ်လုပ်ရောင်းချလျက်ရှိပြီး မြန်မာ့မီးရထားကိုအမှီပြု၍ ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်၊ ဗန်းမော်၊ ရွှေကူနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်မြို့နယ်နှင့် ကန့်ဘလူ၊ ထန်းကုန်း၊ ကျွန်းလှမြို့နယ်များသို့ တွင်တွင်ကျယ်ကျယ် ရောင်းချနေလျက်ရှိသော်လည်း ယခုအခါဒေသထွက်ဆန်ဈေးနှုန်း မြင့်မားလာသည့်အတွက် အကျိုးအမြတ်နည်းပါးလာကြောင်း သိရသည်။

“ရေစိမ်ခေါက်ဆွဲလုပ်တယ်ဆိုတာ အခြားဆန်တွေနဲ့လုပ်လို့မရဘူး ကောလင်းဒေသထွက် စောရှုပ်ဆန်ကိုဝယ်ယူပြီး လုပ်ရတာ။ လွန်ခဲ့တဲ့နှစ်တွေက စောရှုပ်ဆန်တစ်တင်းခွဲတစ်အိတ်ကိုငွေကျပ်၁၇၀၀၀နဲ့ ၁၈၀၀၀ ကြားပဲ ဝယ်ယူခဲ့ရတာ။ ပြီးခဲ့တဲ့နှစ်ကစပြီး စပါးရိတ်သိမ်းခါစက ငွေကျပ် ၂၆၀၀၀နဲ့ ၂၇၀၀၀ ကြားဝယ်ယူရပါတယ်။ ဒီနှစ်မှာငွေကျပ် ၃၀၀၀၀ ကနေ ၃၃၀၀၀ ဈေးနဲ့ဝယ်ရတယ်။ အခုလိုဈေးနှုန်းမြင့်တဲ့အပေါ် မိမိအတွက် အမြတ်အစွန်းကျန်အောင် ပုံမှန်ထုတ်လုပ်နေတဲ့အထုပ်နဲ့ ချိန်သားလျော့ထုတ်တာတို့ ဈေးနှုန်းအနည်းငယ်တက်မယ်ဆိုရင် လက်လီနဲ့ လက်ကားယူသူတွေရယ် စားသုံးသူတွေရယ်ပဲ နစ်နာမှာပဲလေ။ ဒါကြောင့် အမြတ်အစွန်း နည်းချင်နည်းပါစေဆိုပြီး လုပ်ကိုင်နေရတာ”ဟု ရေစိမ်ခေါက်ဆွဲထုတ်လုပ်ရောင်းချသူတစ်ဦးကပြောကြားသည်။

အဆိုပါရေစိမ်ခေါက်ဆွဲထုပ်များကို ၁၂ ကျပ်ခွဲသားတစ်ထုပ်လျှင် လက်ကားဈေး ငွေကျပ် ၁၇၀၊ လက်လီဈေးငွေကျပ် ၂၀၀၊ ၁၉ ကျပ်သားတစ်ထုပ်လျှင် လက်ကားဈေး ငွေကျပ် ၂၇၀ လက်လီဈေးငွေကျပ် ၃၀၀ တို့ဖြင့် ရောင်းချလျက်ရှိပြီး ရေစိမ်ခေါက်ဆွဲခြောက်များကို နှစ်ရှည်စွာအထားခံခြင်း၊ မှိုမတက်ခြင်း၊ အာနိသင်လျော့နည်းခြင်းမရှိအောင် ထုတ်လုပ်ရောင်းချသဖြင့် လူမျိုးဘာသာမရွေးဝယ်ယူစားသုံးမှု များပြားလာကာ ယနေ့တိုင် ဈေးကွက်ကျယ်ပြန့်စွာ ရောင်းချလျက်ရှိကြောင်း သိရသည်။

ရေစိမ်ခေါက်ဆွဲထုပ်ပြုလုပ်ရာတွင် ဒေသထွက် စောရှုပ်ဆန်ကို သန့်ရှင်းစွာပြုလုပ်နိုင်ရန် ကြွေပြားခင်းထားသည့် ရေကန်တွင် ရေစိမ်ရသည်။ ယင်းနောက် ရေစိမ်ပြီးဆန်ကို ရေစစ်ကာ မုန့်အနှစ်အခဲများဖြစ်အောင် ပြုလုပ်ရသည်။ ယင်းနောက် ခေါက်ဆွဲပျော့ဖတ်များရရှိအောင် မုန့်ညှစ်အိုးနန်းကြိတ်စက်၊ ဆန်ဖွတ်ခုံ၊ ဆန်ကြိတ်ဆုံတို့ဖြင့် အဆင့်ဆင့်ပြုလုပ်ရသည်။ အဆင့်ဆင့်ပြုလုပ်ရရှိလာသော မုန့်ပျော့ဖတ်များကို ပုံစံခေါက်ရန် အနေအထားရရှိအောင် တစ်နာရီနှင့်တစ်နာရီခွဲကြာ နေလှမ်းပြီး ချိန်သားအလိုက်အထုပ်များ ထုပ်ပိုးကာ ပြုလုပ်ရသည်။ **စိုင်းလူမင်း**

# ကန့်ဘလူ၌ မီးသင်္ဂြိုဟ်စက်(ဖို)တည်ဆောက်ပြီးစီး၍လုပ်ငန်းများစတင်ဆောင်ရွက်

**ကန့်ဘလူ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် နောင်တိုးပွားလာမည့် လူဦးရေနှင့် မြေနေရာအခက်အခဲမဖြစ်စေရန်ရည်ရွယ်၍ ကန့်ဘလူသုသာန်၌ မီးသင်္ဂြိုဟ်စက်(ဖို) တည်ဆောက်ရန်နှင့် အခြားလိုအပ်သောအဆောက်အအုံများ၊ ဝင်းကာရံခြင်းနှင့် ကတ္တရာခင်းခြင်းတို့ကို ဆရာတော်သံဃာတော်များ၊ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၊ မြို့မိမြို့ဖအလှူရှင်များ၊ မြို့သူမြို့သားများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးသင်္ဂြိုဟ်စက်(ဖို)တည်ဆောက်ရန် လှည်းကူးမြို့မှ ပညာရှင်တစ်ဦးကို ခေါ်ယူဆောက်လုပ်ခဲ့ရာငွေကျပ်သိန်း ၁၄၀ ကုန်ကျခဲ့ကြောင်း၊ ယင်းကုန်ကျငွေအားကန့်ဘလူ မြို့နယ်အသင်း(ရန်ကုန်)က လှူဒါန်းခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)အတွင်းရေးမှူး ဦးစိုးသူရက ပြောသည်။

မီးသင်္ဂြိုဟ်စက်ခန်းမကို မြို့နယ်စည်ပင်သာယာ၏ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ဖြင့် ဆောက်လုပ်ခဲ့ပြီး အခြားလိုအပ်သောအဆောက်အအုံများဖြစ်သည့် အသုဘပို့လူများနားခိုရန် (၃၆×၂၇)ပေရှိ ဇရပ်တစ်ဆောင်၊ ဆရာတော်များကားထားရန် (၃၆×၁၈)ပေရှိ အဆောင်တစ်ခု၊ အလျား (ပေ၅၀၀×၁၂)ရှိ ကတ္တရာလမ်း၊ အလျားပေ ၇၀၀ရှိ ကွန်ကရစ်တိုင်နှင့် သံဆန်ခါဝင်း၊ အလျားပေ ၃၀၀ရှိ ကွန်ကရစ်တိုင်နှင့် သံဆူးကြိုးကာ ဝင်း၊ (၁၈×၆) ပေရှိ သံတံခါးမကြီးနှင့် (၄×၆)ပေရှိ လူဝင်သံတံခါးတို့ကို ဆရာတော်၊ သံဃာတော်များ၊ မြို့မိမြို့ဖအလှူရှင်များနှင့် မြို့သူမြို့သားများစုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ အောက်တိုဘာလက လွှဲပြောင်း ပေးအပ်ခဲ့သည်။

မီးသင်္ဂြိုဟ်ခြင်းလုပ်ငန်းများကို ယခုလနိုဝင်ဘာတွင်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်တင့်က ပြောသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သဘာဝသီးနှံ အခြေခံ စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်လှစ်

**မင်းဘူး နိုဝင်ဘာ ၂၉**

မင်းဘူးခရိုင် မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့်သဘာဝသီးနှံအခြေခံစားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပရာ မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးသောင်းဟန်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ဘုန်းလင်း၊ ကျေးရွာရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဦးစီးမှူးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးရွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ လက်တွေ့နယ်ပယ်တွင် မိသားစုဝင်ငွေတိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ကာ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝမြင့်မားရေးအတွက် မိမိတို့ဌာနမှ အလေးထားဖော်ဆောင်လျက်ရှိပြီး လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်လို့ သင်တန်းသားများအနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြစေလိုကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

GOLDEN STAR ခရီးသွားလုပ်ငန်း
◆ ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင်အခမဲ့)
◆ ချောင်းသာ / ငွေဆောင်(နေ့စဉ်)
Ph: 209200, 544383, 430480, 705968, 703448

ရွှေနဂါး
ကျိုက်ထီးရိုး -35000
ချောင်းသာ -50000
ငွေဆောင် -60000
Ph:209077, 209383

Trumpet Car Rental
မြို့တွင်း/မြို့ပြင်ကားမျိုးစုံငှားရန်ရှိသည်။
VIP 41Seater,Grand Cabin 9 Seater.
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09-43089536, 01-532238, 01-536975, 09-5182767

ကောင်းထက်စံနှင့်အဖွဲ့ ရခိုင်ပြည်ဘုရားဖူးခရီး (25-12-2015)
ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးရှိမာန်ငါးပါးနှင့်ဘုရားပုထိုးများ၊ ပုဏ္ဏားကျွန်းဦးရာဇ်တောင်စေတီ၊ ဂူဝဘုရား၊ စစ်တွေပို့ဆိပ်ကမ်းခြေ၊ သံတွဲဘုရားပုထိုးများ၊ ငပလီကမ်းခြေ၊ အဆင့်မြင့် စား၊ တည်း၊ ငြိမ်း စေတနာမေတ္တာနှင့် ဝါသနာ အရင်းခံ၍ စ/ဆုံး စီစဉ်ပေးပါမည်။ ဗီဒီယို မှတ်တမ်းလက်ဆောင်။ Air-con လေအိတ်ကား။ ကြားခုံမပါပါ။ လူဦးရေ (၄၃)ဦးသာ။ ကြိုတင်လက်မှတ်များရပြီ။ အိမ်အရောက် ပို့ပေးသည်။ 180000/- Ph:09 448003431, 09 49660481

ရွှေချိန်း SHWE CHAIN
HOUSING & LIFE STYLE SHOW 2015
အခန်းနံပါတ် – H - 30 / H - 31
03-12-2015 မှ 06-12-2015 ထိ
တပ်မတော်ခန်းမ။
လူနေအိမ်၊ တိုက်ခန်း၊ Construction လုပ်ငန်းများအတွက် ရေစိုခံ၍ ခိုင်ခံ့လှပသော တံခါးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါပြီ။









တံခါးဆိုဒ်များမှာ : 7' x 3' & 7' x 2½'
တံခါးအရောင်ကို စိတ်တိုင်းကျ ရွေးချယ်နိုင်ပါသည်။
သင့်အိမ်အတွက် အကောင်းဆုံးရွေးချယ်မှု
YGN : Showroom : No. 15, Kabar Aye Pagoda Road, Bahan Tsp., Yangon. Tel : 01-8603126, 09-91038394, Fax : 01-558449
MDL : Showroom : No. 168, 62nd Street, Industrial Zone(1), PyiGyiDaGone Tsp., Mandalay, Myanmar. Tel :952-5153715,68860.

# ပုလဲမြို့နယ် သေတ္တရာကျေးရွာတွင် သိန်း ၁၈၀ ကုန်ကျမည့် တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်မည်

**ပုလဲ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သေတ္တရာကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် ရန်ကုန်မြို့နေ ဦးခင်မောင်ထွန်းမိသားစုက ငွေကျပ် သိန်း၁၈၀ အကုန်အကျခံ၍ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ နံရံကပ်တစ်ထပ် ကျောင်းဆောင်သစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အမီ ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် အလှူရှင်ဦးခင်မောင်ထွန်း(ရန်ကုန်မြို့)က "ကျွန်တော် ကျေးရွာမှာရှိတဲ့ကျောင်းလေးမှာ မိဘတွေဖြစ်တဲ့ ဦးထွန်းလှိုင်၊ ဒေါ်တင်လှတို့ရဲ့ ဖြစ်မြောက်စေချင်ခဲ့တဲ့ ကျောင်းဆောင်သစ်လေးကို ငွေကျပ်သိန်း ၁၈၀ အကုန်အကျခံပြီးတော့ ပညာရေးမြင့်မားတိုးတက်စေရေးအတွက် ရည်ရွယ်ပြီးတော့ လှူဒါန်းပေးခြင်းဖြစ်ပါတယ်။ ကျွန်တော် ငယ်ငယ်ကလေးကတည်းက ဒီရွာကနေ စီးပွားရှာဖို့ မြို့ကြီးပြကြီး တက်သွားတဲ့အချိန်မှာ ကောင်းကောင်းမွန်မွန်ရှိတာ ကျောင်းဆောင်က တစ်ဆောင်တည်းပါ။ အခုရွာပြန်လာတော့လည်း ကျောင်းဆောင်က ကောင်းတာဆိုလို့ တစ်ဆောင်တည်းပဲရှိပါတယ်။

ကျေးရွာက ကိုယ့်အားကိုယ်ကိုးနဲ့ ဆောက်နေတဲ့ ကျောင်းဆောင်သစ်တစ်ဆောင်တော့ ရှိတာပေါ့။ တောသူတောင်သားတွေဆိုတော့ သီးနှံပေါ်ချိန် ဈေးကောင်းရ ချိန်ဆိုရင်လှူကြတန်းကြနဲ့ ရွာကကလေးတွေရဲ့ ပညာရေးအတွက် ဆောက်လုပ်နေကြတာရှိပါတယ်။ ကျွန်တော့ မိဘများက အသက်အရွယ်ရလာတော့ သူတို့မသေခင်မှာ ကျောင်းဆောင်သစ်လေးနဲ့ ရွာက ကလေးတွေ ပညာသင်ကြားနေတာကိုမြင်ချင်တယ်ဆိုတာနဲ့ ကွန်တော်တို့မိသားစုက အလျားပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိတဲ့ တစ်ထပ်ကျောင်းဆောင်သစ်လေးကို ဆောက်လုပ် လှူဒါန်းပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ် သေတ္တရာကျေးရွာနေ ရပ်မိရပ်ဖ ဦးမြင့်သန်းက "ကလေးတွေရဲ့ ပညာရေးအတွက် ပညာဒါနမျိုးစေ့ချပေးတဲ့အနေနဲ့ အလှူရှင်မိသားစုကနေပြီး ငွေကျပ်သိန်း ၁၈၀ အကုန်ကျခံကာ ကျောင်းဆောင်သစ်လေး ဖြစ်မြောက်ဖို့အတွက် လှူဒါန်းပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ရွာသူ၊ ရွာသားတွေဆိုတာ ကလည်း လက်လုပ်မှ ပါးစပ်လုပ်ရတဲ့ တောင်သူလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုရတာဆိုတာ ရွာကကျောင်းလေးမှာ အဆောက်အအုံလုံလုံလောက်လောက်နဲ့တော့ ဖြစ်ချင်တာပေါ့လေ။ အခက်အခဲအမျိုးမျိုးကြောင့် ကျောင်းအဆောက်အအုံ မပြည့်မစုံနဲ့ရှိခဲ့ရာ အလှူရှင်မိသားစုရဲ့ ကောင်းမြတ်တဲ့ စေတနာကြောင့် ဒီဇင်ဘာလကစပြီး ကျောင်းဆောင်သစ်အဆောက်အအုံ စတင်ဆောက်လုပ်မှာဖြစ်လို့ လာမယ့် ပညာသင်နှစ်မှာ ရွာက ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းဆောင်သစ်လေးမှာ ပညာရေးခရီးလမ်းကို အဆင်ပြေချောမွေ့စွာနဲ့ သင်ကြားနိုင်တော့မှာဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**



တောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်ရောင်းဝယ်ဖောက်ကားမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် အာဆီယံဒေသအတွင်းရှိ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းကတောရိုင်းတိရစ္ဆာန်အသားများ တရားမဝင်ရောင်းချမှု မရှိစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့်ဈေးကော်မတီပူးပေါင်းအဖွဲ့တို့သည် မြို့မဈေးအတွင်းရှိ စားသောက်ဆိုင်များအား စစ်ဆေးခြင်း၊ပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- သိန်းလွင်

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝါးအခြေခံလက်မှုပညာသင်တန်းဖွင့်လှစ်

**ချောက် နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း အမှတ်စဉ်(၄/၂၀၁၅) ဝါးအခြေခံလက်မှုပညာသင်တန်း ဖွင့်ပွဲကို အမှတ်(၁၅) မြေနီကုန်းရပ်ကွက် ထုံးဘို ဘုန်းတော်ကြီးကျောင်းဆောင်တွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က အဖွင့်အမှာစကားပြောကြားပြီးနောက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်က ဝါးအခြေခံလက်မှုပညာသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်တွင်းကျေးလက်နေပြည်သူများဖြစ်သည့် သင်တန်းသား ၃၀ က မိတ်ဆက်စကားပြောကြားပြီး သင်တန်းကို ၁၀ ရက်ကြာပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်ဆက်)**

# မြဝတီခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ သတင်းစာရှင်းလင်းပွဲပြုလုပ်

**မြဝတီ နိုဝင်ဘာ ၂၉**

မြဝတီခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့၏ သတင်းစာရှင်းလင်းပွဲကို မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပပြီး အမှတ်(၂)တံတား မြဝတီတည်ဆောက်သည့်ကိစ္စရပ်များ သဘောတူညီချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရေး ကြိုတင်ကာကွယ်မှုများနှင့် ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညိုက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ Media များ စုံလင်စွာ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးညိုက ပြန်လည်ဖြေကြားပေးခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**




**၁၆.၁၁.၂၀၁၅ နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ-၇ ပါ Myat Sandy Tun Co., Ltd ၏ မန်နေဂျင်း ဒါရိုက်တာ ဦးသန့်ဇင်ထွန်း(၁၂/တမန(နိုင်)၀၅၇၈၃၀)၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဘမော်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၂၈)၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းအသိပေးခြင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်၊ ဝါဦးကျောင်းလမ်း၊ အမှတ်(၁၆၁၁/ခ)နေ ဦးဝင်းငွေး (၈/တတက(နိုင်) ၀၆၁၃၉၀) (ရောဝဏ်ပုံနှိပ်တိုက်)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လူကြီးမင်း ဦးသန့်ဇင်ထွန်းသည် မိမိပိုင် Myat Sandy Tun Co., Ltd မှ ပုံနှိပ်စက်နှင့်စက်အပိုပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းနေကြောင်းပြောပြသိရှိသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေဦးဝင်းငွေးက 1995 Heidelberg Harris M 600 B 24(Web Offset) (၁)လုံးကို ဝယ်ယူလိုကြောင်း ကမ်းလှမ်းသည်ကို လူကြီးမင်းမှ သဘောတူသဖြင့် (၃၀. ၅. ၂၀၁၂)နေ့တွင် "နှစ်ဦးသဘောတူ Web Offset အရောင်းအဝယ်စရံပေး ကတိစာချုပ်"ကို ချုပ်ဆို၍ ပထမအရစ်အဖြစ် စရန်ငွေEuro 150000 ကိုပေးချေခဲ့ရာ လူကြီးမင်းကိုယ်တိုင် လက်မှတ်ရေးထိုး ရယူသွားခဲ့သည်မှာ လူကြီးမင်းအသိပင်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ (၃၀. ၅. ၂၀၁၂)နေ့စွဲပါ စရံပေးကတိစာချုပ်တွင် ဖော်ပြထားသောငွေပေးချေမှုစနစ်အရ ပေးချေရန်ဖြစ်သော ဝယ်ယူသည့် 1995 Heidelberg Harris M 600 B 24(Web Offset) အား သဘော်ာမတင်မီ Euro 250000 ကို ဝယ်ယူသူမှ ထပ်မံပေးချေရန် ကတိရှိခဲ့သည့်အတိုင်း ဆက်လက်ပေးချေခဲ့ရာ လူကြီးမင်းနှင့် လူကြီးမင်းတို့ကုမ္ပဏီမှရယူခဲ့သည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။ ထို့အတူ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်း ဆိပ်ကမ်းသို့ ရောက်ရှိပါက တတိယအရစ်အဖြစ် Euro 115000 ကို ပေးချေရန် သဘောတူခဲ့သည့်အတိုင်း ကျွန်ုပ်၏မိတ်ဆွေမှ အလီလီပေးချေခဲ့ရာ လူကြီးမင်းနှင့်လူကြီးမင်းတို့ကုမ္ပဏီမှ အသီးသီးလက်ခံရရှိကြောင်း အထောက်အထားစာရွက်စာတမ်းများ ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်တွင်ရှိနေသည်မှာ လူကြီးမင်းအသိပင်ဖြစ်ပါသည်။

နောက်ဆုံးအရစ်အနေဖြင့် စက်တပ်ဆင်ပြီး ကောင်းမွန်စွာလည်ပတ်နိုင်သည့်အခါတွင် Euro 85000 ကို အပြေအကျေပေးချေရန် သဘောတူခဲ့ကြသည့်အလျောက် အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းအား လူကြီးမင်းဘက်မှ အပြီးတိုင်တပ်ဆင်ပြီး လည်ပတ်နိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့ခြင်းမရှိသော်လည်း ကျွန်ုပ်၏မိတ်ဆွေမှ နောက်ဆုံးပေးရန်ရှိသည့် Euro 85000 ကို အပြေအကျေပေးချေသည့်အပြင် ထပ်မံ၍ လိုအပ်သော ဆက်စပ်ပစ္စည်းများနှင့် ကျွန်ုပ်၏မိတ်ဆွေလိုအပ်သော စက်ပစ္စည်းများ ဝယ်ယူရန်အတွက် ကြိုတင်ပေးထားသည့် မြန်မာကျပ်ငွေသိန်း (၈၀၀၀)ကျော်ကို လူကြီးမင်းတို့ ကုမ္ပဏီမှ လက်ခံရရှိခဲ့ကြောင်း စာရွက်စာတမ်းအထောက်အထားများ ကျွန်ုပ်၏မိတ်ဆွေ လက်ဝယ်တွင် ရှိကြောင်း လူကြီးမင်းအား သိစေအပ်ပါသည်။

၂၀၁၅ ဇန်နဝါရီလ (၈)ရက်နေ့ နေ့စွဲပါ နှစ်ဦးသဘောတူ VITS SHEETER စက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ကျွန်ုပ်မိတ်ဆွေမှ စက်ဖိုးကျန်ငွေ US$ 40000 (အမေရိကန်ဒေါ်လာလေးသောင်း)တိတိပေးရန်ကျန်သည်ဟု ဖော်ပြထားချက်မှာ လုံးဝမှန်ကန်မှုမရှိပါ။ အမှန် တကယ် ကျွန်ုပ်မိတ်ဆွေနှင့်အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးမှာ US$ 55000 (အမေရိကန်ဒေါ်လာ ငါးသောင်းငါးထောင်)တိတိဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေမှ US$ 45000 (အမေရိကန်ဒေါ်လာ လေးသောင်းငါးထောင်)တိတိကို ပေးချေခဲ့ပြီးဖြစ်ကြောင်း အထောက်အထားစာရွက်စာတမ်းများ ကျွန်ုပ်မိတ်ဆွေထံတွင် ရှိကြောင်း လူကြီးမင်းအား သိစေအပ်ပါသည်။

လူကြီးမင်း၏ကြေညာချက်တွင် ဖော်ပြထားသော လူကြီးမင်း၏ရှေ့နေမှ ပေးပို့သည့်အကြောင်းကြားစာ (နို့တစ်)ကို လက်မခံဘဲ ပြန်ပို့လာပါသည်ဟူသောဖော်ပြချက်မှာလည်းလုံးဝမှန်ကန်မှုမရှိဘဲ ကျွန်ုပ်၏မိတ်ဆွေထံတွင် ယင်းနို့တစ်စာလက်ဝယ်ရှိကြောင်း သိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့၏ (၁၆. ၁၁. ၂၀၁၅)နေ့ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်များသည် လုံးဝမှန်ကန်မှုမရှိသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေထံသို့ လူကြီးမင်းမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ဆက်သွယ်တွေ့ဆုံခြင်းမရှိဘဲ ယခုကဲ့သို့ မမှန်မကန်ဖော်ပြကြေညာခြင်းအား ပြန်လည်ရုတ်သိမ်းပေးပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့်အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆)

တရားလွှတ်တော်ရှေ့နေနှင့်ကုမ္ပဏီများ၏အတိုင်ပင်ခံရှေ့နေ

ရုံး -အခန်း(၃၀၁/ ၁)၊ တိုက်(၉/ ၁၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အိမ် -အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၁၂၆၅၊ ၀၉-၇၃၀၀ ၅၆၉၄

## အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ပုလဲ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၀) နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က "နိုင်ငံတော်က ရည်ရွယ်ချက်ကြီးမားစွာနဲ့ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ကောင်းမြတ်တဲ့ စိတ်ရင်းစေတနာထားရှိမှုကို သင်တန်းသူများအနေနဲ့ အသိအမှတ်ပြုပြီး မိမိတို့သင်ကြားတတ်မြောက်ထားတဲ့ စက်ချုပ်ပညာရပ်များဖြင့် မိသားစုဝင်ငွေတိုးစေမည့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများအဖြစ် ခိုင်မာစွာရပ်တည်နိုင်အောင် ကြိုးပမ်းကြံစည် လုပ်ကိုင်ဆောင်ရွက်ကြစေလိုပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသည့် ဖောင်းပြင်မြို့နယ် မောက်စဖာ ကျေးရွာမှ မဇင်မာဝင်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းတွင် ထူးချွန်ဆုရရှိသည့် ပင်လည်ဘူးမြို့နယ် စင်းကွယ်ကျေးရွာမှ မခင်ဖြူဝင်းတို့အား စက်ချုပ်စက်တစ်လုံးစီကို ပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးမှ လက်ခံရယူခဲ့သည်။

အဆိုပါ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် ၂၆ သို့ သင်တန်းသူ ၃၈ ဦး၊ အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ် ၃၀ သို့ သင်တန်းသူ ၆၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်အတွင်း G ZTB ကုမ္ပဏီနှင့်မိုးကိုစံကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မရမ်းအူကွင်း–ဝင်းစိန်ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းနှင့်(၈)ရပ်ကွက်ရွာသစ်–ရှမ်းရွာသစ်လမ်းမကြီးနှင့်ဆက်သွယ်သည့်လမ်းကတ္တရာခင်းခြင်းအားနိုဝင်ဘာ ၂၁ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူးဦးချစ်ငွေနှင့် လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးတို့ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးမှာကြားသည်။

လှိုင်းဘွဲ့ကျေးလက်

## မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း ပထမဆုံးအကြိမ် အသင်းသားစုံညီ အစည်းအဝေးနှင့် နှစ်ပတ်လည်ညီလာခံကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း (Myanmar Rattan and Bamboo Enterpreneurs Association - MRBEA)၏ ပထမဆုံးအကြိမ် အသင်းသား စုံညီအစည်းအဝေးနှင့် နှစ်ပတ်လည်ညီလာခံအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၈၈၊ ပြည်လမ်း၊ (International Business Centre) အပြည်ပြည်ဆိုင်ရာစီးပွားရေး ဗဟိုလုပ်ငန်းဌာနတွင် နိုဝင်ဘာ ၂၇ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ MRBEA အသင်း၏ နာယကကြီးများ၊ ဥက္ကဋ္ဌ EC၊ EC အလုပ်အမှုဆောင်များ၊ မိတ်ဖက် ကြိမ်၊ ဝါး၊ သစ်လုပ်ငန်းများ ဆောင်ရွက်ကြသည့် လုပ်ငန်းရှင်များ၊ အသင်းသူ၊ အသင်းသားများ၊ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် UMFCCI တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကား ဆက်လက်ပြောကြားခဲ့ပြီး MRBEA အသင်းဥက္ကဋ္ဌဦးကျော်သူ၊ နာယကကြီး ဦးအေးသောင်းတို့က မြန်မာနိုင်ငံ သဘာဝသယံဇာတပစ္စည်းထွက်ကုန်ဖြစ်သည့် ကြိမ်နှင့်ဝါးတို့ကို ပြည်ပသို့ ကုန်ကြမ်းအတိုင်း တင်ပို့နေမည့်အစား တိုင်းပြည်လည်းအကျိုးရှိ၊ မိရိုးဖလာ ရိုးရာလုပ်ငန်းအစဉ်အလာလည်း ထိန်းသိမ်း၊ ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချ၍ အလုပ်အကိုင်ရရှိစေနိုင်သည့် Value Added အနေဖြင့် Furniture ပစ္စည်းများ ပြောင်းလဲပြီး တင်ပို့ရောင်းချနိုင်လျှင် အကျိုးရှိမည်ကို ပြောကြားခဲ့သည်။

ဆက်လက်၍ MRBEA အထွေထွေ အတွင်းရေးမှူး ဒေါ်အိအိထွေး၊ ဘဏ္ဍာရေးမှူး ဒေါ်ခိုင်ချိုသင်း၊ ဒုဥက္ကဋ္ဌ ဦးမြင့်ဦးတို့က နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာ၊ အသင်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် ဖွဲ့စည်းပုံဇယား ပြင်ဆင်ခြင်းများကို အသီးသီးတင်ပြဆွေးနွေး၍ အသင်းသူ၊ အသင်းသားများ၏ သဘောတူညီမှုဖြင့်သဘော တူညီချက်ရယူကြသည်။

**သန်းဦးလှိုင်**

## ကျောင်းဆောင်ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် စက်ရေတွင်းအလှူရေစက်ချပွဲကျင်းပ

**ဟသ်ာတ နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီဦးသိန်းအောင်နှင့် ဇနီးဒေါ်ခင်ဌေးမြင့် မိသားစုတို့ကလှူဒါန်းသည့် ရတနာဗိမာန်ကျောင်းတိုက်တွင်းရှိ မဟာရတနာ ကျောင်းဆောင်ပြုပြင်မွမ်းမံခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း အလှူတော်ရေစက်ချပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ရတနာဗိမာန်ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

ရှေ့ဦးစွာ မော်ဘီဇောဓိရိပ်ငြိမ်တောရ ဆရာတော်နှင့်အလှူရှင်ဝန်ကြီးချုပ်မိသားစုတို့က ပြုပြင်မွမ်းမံပြီးသော ကျောင်းဆောင်အားကြည့်ရှုကြပြီး ကြွရောက်တော်မူလာကြကုန်သော ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

ယင်းနောက် ဇောဓိရိပ်ငြိမ်ဆရာတော် အရှင်ကုန္တာစရိယမှ အလှူရေစက်ချအနုမောဒနာ တရားချီးမြှင့်ပေးသနား၍အလှူရှင်ဝန်ကြီးချုပ်မိသားစုနှင့် ဧည့်ပရိသတ်အပေါင်းတို့က သာဓုအနုမောဒနာသုံးကြိမ်ခေါ်ဆိုပြီး အခမ်းအနားကိုကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

## လမိုင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့်မီးလင်းတော့မည်

**ဇလွန် နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် လမိုင်းကျေးရွာအုပ်စု လမိုင်းကျေးရွာ မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို Family United Power Co., Ltd က တာဝန်ယူတပ်ဆင်ပေးလျက်ရှိသည်။

ယင်းလုပ်ငန်းကို နိုဝင်ဘာ၂၇ရက်က ဇလွန်မြို့နယ်မှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့်အဖွဲ့ကသွားရောက်စစ်ဆေးခဲ့သည်။ **ကျော်ကျော်(ဟသ်ာတ)**


ကိုဝင်းနိုင် ဒေါင်းမင်း 09425355758, 09255913926
▲ကျိုက်ထီးရိုး (နေ့စဉ်)/ချောင်းသာ(နေ့စဉ်)▲ပြည်၊ ထုံးဘို၊ အကောက်တောင် (နေ့ချင်းပြန်) (ဝနေ)
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကန်ချနာပူရီ၊ အယုဒ္ဓယ၊ ပတ္တရား၊ ဗန်ကောက်(၈)ရက် → Dec 24
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ကက္ကူ၊ ထမ့်စမ်း (၄)ရက် ▲လွိုင်ကော်ပါ(၅)ရက်
▲မန္တလေးဘုရားစုံ၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်(၃)ရက် ▲ပုဂံ(ရွှေဇီခုံ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၃)ရက် 65000

B.L.T Travels
ကျိုက်ထီးရိုး (နေ့စဉ်) 8000
ချောင်းသာ (နေ့စဉ်) 12000
09-796262652, 09-73163538

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့် လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440, 01-551649, 01-209183

Budget Tour အဆင့်မြင့်ခရီးသွားလုပ်ငန်း 09264450022/33
(30000 ကျပ်)
(35000 ကျပ်)
(115000 ကျပ်)
(120000 ကျပ်)
(110000 ကျပ်)





ဆက်သွယ်မှာယူရန် – 09 440 444444, 09 458 222222
အမြို့မြို့အနယ်နယ်ရှိ Super Market ၊ ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။

One Stop Service for "ဟိုတယ်များအတွက် အထူးအစီအစဉ်"
Hotels
- Hotel Management Software
- Hotel Door Lock
- Fingerprint Time Attendance System
- CCTV Camera/ Security System
- IEE/EMP Report for new Hotel Project
- Water Treatment

www.luckybirdgroup.com HOT LINE: 09-73154644
LUCKY BIRD Group of Companies
No.355, Thein Phyu Road, Mingalar Taung Nyunt Tsp, Yangon.
Tel: 01-248167, 399011, 379875



ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဝေဒနာရှင်များအတွက် သတင်းကောင်း

PUN HLAING SILOAM HOSPITALS

ဟောင်ကောင်နှင့်အမေရိကန်နိုင်ငံတွင် နှစ်ပေါင်း (၃၀)ကျော်အတွေ့အကြုံများစွာရှိသော

ဦးနှောက်နှင့် အာရုံကြောဆိုင်ရာခွဲစိတ်ကုသမှုအထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်ထွန်းအောင် မှ

Like us on facebook Pun Hlaing Siloam Hospitals

- လေဖြတ်ခြင်း
- လေဖြန်းခြင်း (ဦးနှောက်အတွင်းသွေးကြောပိတ်ခြင်း)
- ဦးနှောက်အတွင်းသွေးယိုခြင်း
- ဦးနှောက်သွေးကြောထုံးခြင်း
- ဦးနှောက်အကြိတ်များအားခွဲစိတ်ကုသပေးခြင်း
- ခေါင်းကိုက်ခြင်းအမျိုးမျိုး နှင့်
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါဝေဒနာများကို **ပန်းလှိုင်စီလုံဆေးရုံကြီး** တွင် ခွဲစိတ်ကုသပေးနေပြီဖြစ်ပါ၍ ဆွေးနွေးတိုင်ပင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing.phsh@spa-mm.com

ကြော်ငြာ

MICHELIN
A better way forward

TRUCK & BUS RADIAL TYRE



Authorized Distributor : HTOO MAW CO., LTD. (YANGON TYRE)
Tel : 01-681571, 01-682368, 09-794444487

MICHELIN
A better way forward

## အထူးကျေးဇူးတင်ရှိခြင်း

MICHELIN TRUCK & BUS တာယာများအား မြန်မာပြည်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထူးမော်ကုမ္ပဏီအား ခန့်အပ်ခဲ့ခြင်းနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးတို့အတွက် အထူးခိုင်ခန့်စိတ်ချရသော MICHELIN 295/80 R 22.5 X-COACH ENERGY Z တာယာများအား ဖြန့်ချိခြင်းအခမ်းအနား သို့ တက်ရောက်ချီးမြှင့်ပေးပါသော MR. STEVEN VETTE (DIRECTOR SALES TCA2, SOUTHEAST ASIA & OCEANIA) MICHELIN ROH CO., LTD, MR. LIONEL CADEAU (TRUCK & BUS COMMERCIAL DIRECTOR), MR. WIWAT POYOMRATTANASIN (BUSINESS DEVELOPMENT DIRECTOR), MICHELIN SIAM CO., LTD. တို့အားလည်းကောင်း၊ အထူးစိတ်ချယုံကြည် ရသော MICHELIN တာယာများကို တပ်ဆင်သုံးစွဲနေကြသော ELITE EXPRESS၊ မန္တလာမင်း၊ မြတ်မန္တလာထွန်း၊ ရွှေမန္တလာ၊ GI Group ၊ ခိုင်မန္တလေး၊ JJ EXPRESS ၊ မိုးကောင်းကင်၊ ရွှေစင်စကြာ၊ လုမ္ဗိနီ၊ BOSS၊ အာကာသ၊ ဝေဖြိုးအောင်၊ မိုးထက်အာကာ၊ တက်လမ်း၊ နယူးစိန်ငွေလှိုင်၊ မြရတနာ တို့မှ ဂိတ်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်ကြီးများအား SEDONA HOTEL (၂၉-၁၁-၂၀၁၅) နေ့တွင် ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ......။

ဒါရိုက်တာအဖွဲ့
Htoo Maw Co., Ltd. (Yangon Tyre)

MICHELIN
A better way forward

## ဂုဏ်ယူဝမ်းမြောက်ခြင်း

HTOO MAW CO.,LTD (YANGON TYRE) မှ MICHELIN TRUCK & BUS TYRE များအား မြန်မာပြည်အတွက် ကိုယ်စားလှယ်ရရှိခဲ့ခြင်းနှင့် EXPRESS BUS များအတွက် အထူးထုတ်လုပ်ထားသော MICHELIN 295/80 R 22.5 X-COACH ENERGY Z တာယာများအား ဖြန့်ချိခြင်းအတွက် ပြုလုပ်သည့် အခမ်းအနားကို ရန်ကုန်မြို့ SEDONA HOTEL တွင် (၂၉-၁၁-၂၀၁၅) ရက်နေ့က အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

MICHELIN အရောင်းကိုယ်စားလှယ်ကြီးများ

| | |
|---|---|
| ဦးတော်မီ | - ဇေကဒီပါတာယာရောင်းဝယ်ရေး၊ ရန်ကုန်မြို့။ |
| ဦးအီဆပ် | - ရွှေမြိုင်တာယာဆိုင်၊ ရန်ကုန်မြို့။ |
| ဦးမောင်မောင် | - B.S တာယာဆိုင်၊ မန္တလေးမြို့။ |
| ဦးအောင်မြင့် | - ESTY CO , မြေနီကုန်း၊ ရန်ကုန်မြို့။ |
| ဦးခင်ဝင်း | - အောင်စကြာတာယာရောင်းဝယ်ရေး၊ ရန်ကုန်မြို့၊ မန္တလေးမြို့။ |
| ဦးသန်းဌေး | - RUN WAY တာယာဆိုင်၊ ရန်ကုန်မြို့။ |

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို

မြန်မာ့သြဘာလုပ်ငန်းစု၏ ကြီးထွားမှုနှုန်း (Growth)၊ ဝန်ထမ်းအရည်အသွေးနှင့်အင်အား (Employment)၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု (Innovation)၊ လူမှုရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု (Corporate Social Responsibility) များအပေါ်တွင် အခြေခံ၍ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

ASEAN BUSINESS AWARDS

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ
PITI PYAE ZONE Co.,Ltd.
(Manufacturing and Logistics)



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို

မြန်မာ့သြဘာလုပ်ငန်းစု၏ ကြီးထွားမှုနှုန်း (Growth)၊ ဝန်ထမ်းအရည်အသွေးနှင့်အင်အား (Employment)၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု (Innovation)၊ လူမှုရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု (Corporate Social Responsibility) များအပေါ်တွင် အခြေခံ၍ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

ASEAN BUSINESS AWARDS

**CEO** နှင့် ဝန်ထမ်းများ
**Maha Awba Public Co.,Ltd.**
**(Microfinance)**

BRITISH COUNCIL

abe
Your road to success

## အရည်အသွေးလည်းပြည့်...အာမခံချက်လည်းရှိ...နိုင်ငံတကာအသိအမှတ်ပြုဖြစ်သော

## British Professional Business and Management Diploma

## များကိုကိုင်ဆောင်ထားမှစိတ်ချရမည်

သင့်ဘဝ တိုးတက်အောင်မြင်ဖို့ အလုပ်အကိုင် အခွင့်အလမ်းသေချာသော/ မဟာဘွဲ့၊ ဘွဲ့များကို ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများတွင်တိုက်ရိုက် တက်ရောက်နိုင်ရန်အတွက် **ABE (UK) ၏ Business and Management Diploma** တက်ရောက်ပါ

**ABE (UK)** မှတိုက်ရိုက်ပေးအပ်သော **Business and Management Diploma** များကို ဘာကြောင့်ရွေးချယ်တက်ရောက်သင့်ပါသလဲ?

- **England Office of Qualification & Examination Regulation (Ofqual)** မှအသိအမှတ်ပြု **Professional Business Diploma** ဖြစ်ခြင်း
- **ABE Diploma** များသည် ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် ပညာဆက်လက် သင်ယူနိုင်ရန် **Credit Transfer** ရရှိနိုင်ခြင်းအပြင် အောင်မြင်ပြီးသော ဘာသာရပ်အလိုက် အခြား **Professional** အဖွဲ့အစည်းများဖြစ်သည့် **CIM, CIMA, ACCA, AIA, CTH** တို့မှ ဘာသာရပ် ကင်းလွတ်ခွင့်အပြည့်အဝရရှိနိုင်ခြင်း
- ပြောင်းလဲတိုးတက်နေသော ပတ်ဝန်းကျင်နှင့်အညီ အသိပညာပြည့်စုံကြွယ်ဝစေရန်၊ မိမိရွေးချယ်သော လုပ်ငန်းများတွင် အောင်မြင်မှု ရရှိစေရန်အတွက် ပြီးပြည့်စုံသော ကျွမ်းကျင်မှုပေးနိုင်သည့် **Diploma** များဖြစ်ခြင်း
